မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၅)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Sitaheng Rasphone အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး လာအိုနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Sitaheng Rasphone ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Kouily A.Souphakhet လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Sitaheng Rasphone ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကထူထောင်သည်။ Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ်၊ ဇန်နဝါရီ ၂၃ ရက်)

အမျိုးသားအကျိုးစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကဏ္ဍအလိုက် အားကြိုးမာန်တက်လုပ်ကိုင်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် စက်မှုကဏ္ဍသည် ပဓာနကျသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင်စက်မှုကဏ္ဍများ ဟန်ချက်ညီညီ တိုးတက်စေရေး နိုင်ငံတော်က အားပေး ကူညီလျက်ရှိသည်။ ကျောက်ဆည် စက်မှုနယ်မြေအတွင်း စက်ရုံများမှထုတ်လုပ်သော ကုန်ပစ္စည်းများသည် တည်ဆောက်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် စားဝတ်နေရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းထုတ်လုပ်ပေးလျက်ရှိသည်။

စက်ရုံအလုပ်ရုံများ၊ စက်မှုဇုန်များအနေဖြင့် စက်စွမ်းအားပြည့်ထုတ်လုပ်ရေး၊ ဈေးကွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမီမီ ကျယ်ပြန့်စွာထုတ်လုပ်နိုင်ရေး တီထွင်ကြိုးပမ်းကြရမည် ဖြစ်သည်။

စက်ပစ္စည်းထုတ်လုပ်ရာတွင် အရေအတွက်သာမက အရည်အသွေး တိုးတက်ကောင်းမွန်စေရေးကိုပါ အလေးထားဆောင်ရွက်ကြရမည် ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ရေးအတွက် သမားရိုးကျထုတ်လုပ်ခြင်းထက် ဈေးကွက်နှင့် သုံးစွဲသူအကြိုက်ဖြစ်စေရန် စဉ်ဆက်မပြတ် တီထွင်ထုတ်လုပ်ကြရမည် ဖြစ်သည်။

နိုင်ငံတော်က တစ်မျိုးသားလုံး၏ ကုန်ထုတ်လုပ်မှုတိုးတက်စေရေးအတွက် စီမံကိန်းရည်မှန်းချက်များ ချမှတ်ပေးထားရာ စက်ရုံတာဝန်ရှိသူများက ရည်မှန်းချက်ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်သည်။ ယခုအခါ ကျောက်ဆည်စက်မှုနယ်မြေသည် လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများကို တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

သို့ဖြစ်ရာ အမျိုးသားအကျိုးစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် တစ်မျိုးသားလုံးက လုပ်ငန်းကဏ္ဍအလိုက် အားကြိုးမာန်တက် လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်း ရည်မှန်းချက်များ ပိုမိုတိုးတက် အောင်မြင်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ထားဝယ်မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၅)၌ (၆၉)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အဖွဲ့ချုပ်၏ ကမ္မဋ္ဌာနာစရိယ သဇင်ရေကျော်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ(သာသနဓဇ ဓမ္မာစရိယ)က ဇန်နဝါရီ ၂၃ရက်မှ ၂၉ရက် (ပြာသိုလပြည့်ကျော် ၁ရက်မှ ၇ရက်အထိ) ပဋိစ္စသမုပ္ပာဒ်ဒေသနာတော်မြတ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဖုန်း–၀၅၉–၂၂၂၇၆သို့ စာရင်းပေးနိုင်ကြောင်း သိရသည်။

(က–ပ)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး အလှူရှင်များ ရေစက်ချအလှူမင်္ဂလာပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသော ကျပ်တစ်သောင်းနှင့်အထက် ပဒေသာပင်အလှူရှင်များ၏ (၄၈)ကြိမ်မြောက် ရေစက်ချအလှူမင်္ဂလာပွဲနှင့် အလှူရှင်များအား ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုဧည့်ခံပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ပြီးခဲ့သည့် ဇူလိုင်လမှ စက်တင်ဘာလအတွင်း လှူဒါန်းခဲ့ကြသော အလှူရှင်များထံသို့ ဖိတ်စာများ ကြိုတင်ပေးပို့ထားပြီးဖြစ်သည်။

နောက်ဆုံးထားအကြောင်းပြန်

အလှူရှင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အခမ်းအနားသို့ တက်ရောက်မည်၊ မတက်ရောက်မည်ကို အဆိုပါဆေးရုံကြီး ဖုန်း–၅၄၁၇၉၅ နှင့် ၅၄၅၇၈၂တို့သို့ ဇန်နဝါရီ ၂၅ရက် နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။ (က–ပ)

ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက် သမထ ဝိပဿနာတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ကိုယ်တွေ့ဉာဏ်မြင်ခန္ဓာဉာဏ်ရောက် သမထ ဝိပဿနာ တရားတော်များကို ဒလ–အံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အံ့ကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာစုကာရီဓမ္မာရုံတွင် ဇန်နဝါရီ ၂၃ရက်မှ ၂၉ရက် ညနေ ၆နာရီခွဲမှ ၈နာရီအထိ၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁ရက်မှ၇ရက် ညနေ၆နာရီမှ ၇နာရီခွဲအထိ၊ ဆရာကြီး ဦးသန်းရွှေ(ဒလ–အံ့ကြီး)နှင့်တပည့် ဦးကျော်ဇေယျာမြင့်(ဓမ္မရသရိပ်သာ)တို့က စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းထောင့် မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း သာသနာ့ဗိမာန်တော်တွင် ဖေဖော်ဝါရီ၈ရက်မှ ၁၄ရက် ညနေ၅နာရီမှ၆နာရီခွဲအထိ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆိုလာရောက် အားထုတ်နိုင်ကြောင်း သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြား

၂၃–၁–၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	အမျိုးသားရေးတေးကဗျာ
၄:၃၀	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၅။	မျိုးချစ်တပ်မတော်
၅:၀၀	၆။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀	၇။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း–၁၅)
၆:၄၅	၁၄။	လျှပ်တစ်ပြက်
၇:၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒီလှိုင်းနှင့်အတူ**(အပိုင်း–၁၂)
၈:၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	English Usage
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိမ်းငှက်သူရဲကောင်း** (ဒုတိယတွဲ)(အပိုင်း–၂၆)

နှစ်ဖက်သော ဘိုးဘွား၊ မိဘများအား ရည်စူး၍ ဦးချစ်ဆွေ–ဒေါ်လှဲလှဲဝင်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ နန္ဒက ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃–၁–၂၀၀၈(ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀–၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅–၁:၀၅	**ဆပ္ပါဏကောပမသုတ္တန်** တရားတော် [ပြည်တွင်းပြည်ပသာသနာပြု ရွှေမန်းဦးသူရိယ (အစိုးရဓမ္မာစရိယ ဆရာတော်)]
၇:၅၅–၁:၅၅	Industrial Talk [ဦးသိန်းစိုး၊ ဦးတင်အောင်ရွှေ(သုတေသီ)]
၈:၃၅–၂:၃၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀–၃:၀၀	ဘွားအိမ်ပြည့် (၁၀၃)နှစ်ပြည့် အလှူတော်မင်္ဂလာ
၉:၁၀–၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀–၃:၂၀	ပျော်ရွှင်နွဲပျော် မြန်မာ့ရိုးရာ ရှင်ပြုနားသအလှူတော်
၉:၄၀–၃:၄၀	တေးဂီတအစီအစဉ်
၉:၄၅–၃:၄၅	Midweek Sports News
၉:၅၀–၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅–၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀–၄:၀၀	Ecotourism ဆွဲဆောင်ဖို့ သဘာဝကို ထိန်းသိမ်းစို့ ဖိုးကျားဆင်စခန်း(အပိုင်း–၁)
၁၀:၂၀–၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅–၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀–၄:၃၀	နယဉ်ဆန်းထွင် သစ်သီးအလှဆင် (ပန်းသီးဖြင့် ဘဲငန်းပုံနှင့် သစ်ရွက်ပုံဖော်နည်း)
၁၀:၅၀–၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀–၅:၀၀	တူးမြောင်းများစနစ်တကျ ပြုပြင်ထိန်းသိမ်းခြင်း
၁၁:၁၀–၅:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅–၅:၁၅	နတ်လူသာစုခေါ်စေသော် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော၊ ဒါရိုက်တာ–သော်ကိုကိုကျော်)
၁၁:၄၀–၅:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၅–၅:၄၅	လန်းဆန်းတက်ကြွကလေးဘဝ (ကလေးသရုပ်ဆောင် အိန်အိန်းနှင့် တွေ့ဆုံခြင်း)
၁၂:၀၅–၆:၀၅	တေးဂီတအစီအစဉ်
၁၂:၁၀–၆:၁၀	Antioxidants & Your Health (အပိုင်း–၁) (ဒေါက်တာဝင်းထွန်း)
၁၂:၃၅–၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀–၆:၄၀	International Video Topics (ပျောက်ဆုံး နေသောရှေးဟောင်းမြို့တော်) (အပိုင်း–၁)
၁:၀၀–၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of National (2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁:၃၀	Tunisia-Senegal	Euro Sport (Live)
၂:၀၀	South Africa-Angola	Euro Sport (Live)

ဆရာဝန်ညီလာခံ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးအားကစားအဖွဲ့က ကြီးမှူးကျင်းပသည့် အထက်မြန်မာနိုင်ငံ ဆရာဝန်ဂေါက်အသင်းနှင့် အောက်မြန်မာနိုင်ငံ ဆရာဝန်ဂေါက်အသင်းတို့ ဇန်နဝါရီ ၁၈ ရက် နံနက်က ပန်းလှိုင်ဂေါက်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ အောက်မြန်မာနိုင်ငံဂေါက်အသင်းက ၂၄ မှတ် – ၆ မှတ်ဖြင့် အနိုင်ရသွားသည်။

ပါဝင်

အောက်မြန်မာနိုင်ငံဂေါက်အသင်းကို ရန်ကုန်မြို့မှ ပါမောက္ခဒေါက်တာ ဦးကံညွန့်(မျက်စိ)က ဦးဆောင်၍ အားကစားအဖွဲ့ဝင် ၂၀ ပါဝင်ပြီး အထက်မြန်မာနိုင်ငံဂေါက်အသင်းကို မန္တလေးမှသမားတော်ကြီး ဒေါက်တာဦးသန်းထွန်းက ခေါင်းဆောင်ကာ အားကစားအဖွဲ့ဝင် ၂၀ ပါဝင်ကြောင်း သိရသည်။ အဆိုပါ ယှဉ်ပြိုင်ပွဲများကို နှစ်စဉ်ယှဉ်ပြိုင်လာခဲ့ရာ ယခုအကြိမ်သည် ခြောက်ကြိမ်မြောက် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရန်ငြိုးဖွဲ့သူ ရန်သူများ၏

ဤသူသည် ငါ့ကိုဆဲ၏။ ငါ့ကိုညှဉ်းပန်း၏။ ငါ့ကိုနိုင်၏။ ငါ၏ဥစ္စာကို ခိုး၏ဟူ၍ စိတ်၌ အမျက်ထားလျက် ရန်ငြိုးဖွဲ့သူ ရန်သူများ၏။

(ဓမ္မပဒ ၃)

အလုပ်သမားဝန်ကြီး ဦးအောင်ကြည် မင်္ဂလာဒုံစက်မှုဇုန်၌ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်သည် ဇန်နဝါရီ ၂၀ ရက်က အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ထန်းတပင်မြို့နယ် (ခုတင်–၁၀၀ဆံ့) အဆုတ်ရောဂါကုဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ဖြစ်ပွားလာသောရောဂါများကို ထိရောက်စွာကာကွယ်ကုသပေးရေး၊ အလုပ်သမားများ၏ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးရေးနှင့် အဆင့်မြင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ဝန်ကြီးသည် ဇန်နဝါရီ ၂၁ ရက်တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စံတင်နှင့် မင်္ဂလာဒုံစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များနှင့်တွေ့ဆုံပြီး စက်မှုဇုန်ရှိ မြန်မာအေရှားအော်တိုကယ် ကုမ္ပဏီလီမိတက်၌ လုပ်သားများ၏ကျွမ်းကျင်မှု အဆင့်မြင့်တင်ရေးအတွက် လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် မင်္ဂလာဒုံစက်မှုဇုန်ရှိ မြန်မာအေရှားအော်တိုကယ် ကုမ္ပဏီလီမိတက်၌ သင်တန်းသား အလုပ်သမားများနှင့် နည်းပြဆရာများအား တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ကွမ်းခြံကုန်း မြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ အသက်(၇၅)နှစ်နှင့်အထက်သက်ကြီးပူဇော်ပွဲ၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲ၊ တက္ကသိုလ်ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့်ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံပုဂ္ဂိုလ်တို့အား ဂုဏ်ပြုပွဲနှင့် ဒေသဖွံ့ဖြိုးရေးအလှူငွေပေးအပ်ပွဲကိုဖေဖော်ဝါရီ ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း(ဗဟန်း ၃ လမ်းထိပ်)ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်နိုင်

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက်အသင်းသူ၊ အသင်းသားများ၊ ၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့်ဂုဏ်ထူးရရှိသူများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရသူများနှင့် နိုင်ငံတော်အဆင့် ဂုဏ်ပြုချီးမြှင့်ခံရသူများသည် ဖေဖော်ဝါရီ ၉ ရက် နောက်ဆုံးထား၍ ဦးစိုးညွန့် (ဦးစီးနာယက၊ ဖုန်း–၅၄၁၆၈၆)၊ ဦးကျော်ခိုင် (ဥက္ကဋ္ဌ၊ ဖုန်း–၂၄၆၁၄၀)၊ ဦးစန်းအောင် (တွဲဖက်အတွင်းရေးမှူး၊ ဖုန်း–၆၆၄၆၀၇)၊ ဗိုလ်မှူးမြင့်သူ (ငြိမ်း၊ တွဲဖက်အတွင်းရေးမှူး၊ ဖုန်း–၂၉၂၅၀၀)၊ ဦးကြိုင်မြင့် (ဘဏ္ဍာရေးမှူး၊ ဖုန်း–၃၇၁၅၆၃)နှင့်ဒေါ်ဉ (အမှုဆောင်၊ ဖုန်း–၀၉–၈၀–၃၃၉၁၅) တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းနေ ဒေါ်အိမ်ခင် ဇန်နဝါရီ ၂၃ ရက် တစ်နှစ်ပြည့်အား ရည်စူးပြီး ဦးမြတင် မိသားစုတို့က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပုညာရာမဆရာတော် တရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၂၂

ပြည်တွင်းပြည်ပ သာသနာပြုနယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တ ပုညာနန္ဒ (ဗဟုဇန ဟိတရေ) ဆရာတော်သည် ရန်ကုန်တိုင်း သာကေတမြို့နယ် (၁)ရပ်ကွက် ထူပါရုံလမ်း သာသနာ့ရက္ခိတ ဓမ္မာရုံ၌ ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ၊ မွန်ပြည်နယ်ရေးမြို့ အစင်ကျေးရွာ သီရိမင်္ဂလာ ဓမ္မာရုံ၌ ၂၈ရက်မှ ၂၉ရက်အထိ၊ မွန်ပြည်နယ် ရေးမြို့ ရွှေဆံတော်ဘုရားဓမ္မာရုံ၌ ၃၀ ရက်မှ ၃၁ ရက်အထိ၊ သထုံမြို့ ရွှေစာရံစေတီတော်၌ ဖေဖော်ဝါရီ ၁ ရက်မှ ၂ရက် အထိ၊ သာကေတမြို့နယ် (၃)ရပ်ကွက် မာန်ပြေဗုဒ္ဓဝေယျာဝစ္စ ဓမ္မာရုံ၌ ၃ ရက် မှ ၅ ရက်အထိနှင့် ဗဟန်းမြို့နယ် မင်္ဂလာဈေးဓမ္မာရုံ၌ ၅ ရက် ညစဉ် ၇ နာရီခွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာတရားများ ဟောကြားပြသမည် ဖြစ်ကြောင်း သိရသည်။

(က–ပ)

အလက(၂) သဃ်န်းကျွန်း(သုဝဏ္ဏ) ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အလက(၂) (သုဝဏ္ဏ) ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့) နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ကျင်းပမည်ဖြစ်ရာ ၁၉၈၀–၂၀၀၇ ပညာသင်နှစ်အသီးသီးမှ ကျောင်းသား ကျောင်းသူဟောင်းများ ကျင်းပရေးကော်မတီနှင့်ဆက်သွယ်ရန် နှိုးဆော်ထားသည်။ မြတ်ဆရာပူဇော်ပွဲတွင် အလက(၂) သဃ်န်းကျွန်း၌ တာဝန်ထမ်းဆောင်သက် ငါးနှစ်နှင့်အထက်ရှိသူ ဆရာ ဆရာမများကို ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများကို ဆရာမ ဒေါ်သီတာလွင်ကျော် ဖုန်း–၅၇၇၈၇၆၊ ကိုပြည့်ဖြိုးပိုင်ဇင် ဖုန်း–၅၆၁၀၉၅၊ ကိုရဲမင်းဌေး ဖုန်း–၂၄၀၆၂၀၊ ကိုသိန်းစံ ဖုန်း–၅၇၀၀၅၆၊ ကိုငြိမ်းချမ်းထက် ဖုန်း–၅၃၆၀၄၂၊ ၅၀၃၁၇၄၊ ကိုရဲလင်းထိုက် ဖုန်း–၅၇၈၂၀၄၊ မလှလှဦး ဖုန်း–၅၆၃၅၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားနှိုးဆော်ထားသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၃–၁–၂၀၀၈ ရက်

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၀၅	၇။	အတီးပြိုင်ပွဲ
၈:၁၅	၈။	ရွှေလင်ဗန်းတံတား
၈:၂၀	၉။	အဆိုပြိုင်ပွဲ
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၆:၄၀	၄။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၆:၅၅	၅။	မြန်မာစာမြန်မာစကား
၁၇:၀၅	၆။	သီချင်းကြီးပဒေသာ
၁၇:၂၀	၇။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၃၀	၈။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	မြန်မာ့ခလေ့ရိုးရာလက်ဇော့
၁၈:၅၀	၁၂။	**မြူတိမ်ကင်းသောနေ့** ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း ဒါရိုက်တာ–သိန်းဟန်(ဖီးနစ်)
၁၉:၀၀	၁၃။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၁၉:၃၅	၁၄။	ကြေးမုံရိပ်သွင်တေးနယ်ဥ်
၁၉:၄၅	၁၅။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၂၀:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	Franz Hararay's Magic Planet
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **အက်စစ်ချို** လူမင်း၊ ထက်ထက်မိုးဦး (ဒါရိုက်တာ–နေပိုင်)



အမေရိကန်၌ အကြိုရွေးကောက်ပွဲများ ဆက်လက်ပြုလုပ် နီဗားဒါးပြည်နယ်၌ ဒီမိုကရက်တစ်မှ ဟီလာရီအနိုင်ရ တောင်ကာရိုလိုင်းနား၌ ရီပတ်ဘလီကင်မှ မက်ကိန်းအသာရ

ဝါရှင်တန် ဇန်နဝါရီ ၂၂

အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဇန်နဝါရီ ၁၉ ရက်က ပြုလုပ်သည့် နီဗားဒါးပြည်နယ် အကြိုရွေးကောက်ပွဲနှင့် တောင်ကာရိုလိုင်းနား ပြည်နယ် အကြိုရွေးကောက်ပွဲများတွင် ဒီမိုကရက်တစ်ပါတီမှ ဟီလာရီကလင်တန်နှင့် ရီပတ်ဘလီကင်ပါတီမှ ဂျွန်မက်ကိန်းတို့ အခြားပြိုင်ဘက်များအပေါ် အနိုင်ယူလိုက်ကြသည်။

နီဗားဒါးပြည်နယ်တွင် ဒီမိုကရက်တစ် ပါတီဝင်များအတွက်ရော၊ ရီပတ်ဘလီကင် ပါတီဝင်များအတွက်ပါ ဇန်နဝါရီ ၁၉ ရက်က အကြိုရွေးကောက်ပွဲများရှိသော်လည်း ထိုနေ့က တောင်ကာရိုလိုင်းနား ပြည်နယ်၌ ပြုလုပ်သည့် အကြိုရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီဝင် ကိုယ်စားလှယ်လောင်းများသာ ယှဉ်ပြိုင်သည်။

ဗိုလ်စွဲ

တောင်ကာရိုလိုင်းနား အကြိုရွေးကောက်ပွဲ၌ ထောက်ခံမဲအားလုံးနီးပါးမျှ ရေတွက်အပြီးတွင် ဂျွန်မက်ကိန်းက ၃၃ ရာခိုင်နှုန်း၊ မိုက်ဟတ်ကာဘီးက ၃၀ ရာခိုင်နှုန်းရကာ ဂျွန်မက်ကိန်း **(ယာပုံ)** အနေဖြင့် ပွတ်ကာသီကာအနိုင်ရ ဗိုလ်စွဲလိုက်ခြင်းဖြစ်သည်။

ယင်းသို့ ဂျွန်မက်ကိန်း ဗိုလ်စွဲလိုက်ခြင်းမှာ ရီပတ်ဘလီကင် ပါတီဝင် ကိုယ်စားလှယ်လောင်းတို့ နောက်တစ်ကြိမ်ယှဉ်ပြိုင်ကြရမည့် ဇန်နဝါရီ ၂၉ ရက် ဖလော်ရီဒါအကြို ရွေးကောက်ပွဲအတွက် အရှိန်ရသွားသည်။

အလေးထား

ရီပတ်ဘလီကင် ကိုယ်စားလှယ်လောင်းများသည် ဖလော်ရီဒါပြည်နယ် အကြိုရွေးကောက်ပွဲကို အလေးထားကြရစမြဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤပြည်နယ်၏ အကြိုရွေးကောက်ပွဲ အနိုင်ရဗိုလ်စွဲသူတိုင်းသည် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ ကိုယ်စားပြုသမ္မတလောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိသွားတတ်သည်မှာ ၁၉၈၀ ပြည့်နှစ်ကစ၍ ဖြစ်သည်။

တောင်ကာရိုလိုင်းနား အကြိုရွေးကောက်ပွဲတွင် ဂျွန်မက်ကိန်းက ၃၃ ရာခိုင်နှုန်း၊ ဟတ်ကာဘီးက ၃၀ ရာခိုင်နှုန်း၊ ဖရက်သွန်မဆင်က ၁၆ ရာခိုင်နှုန်း၊ မစ်ဂွမ်နေးက ၁၅ ရာခိုင်နှုန်း၊ ရွမ်ပေါလ်က လေးရာခိုင်နှုန်း၊ ဒူဂူလီယာနီက နှစ်ရာခိုင်နှုန်းရသည်။

တစ်ပြိုင်တည်း

ဇန်နဝါရီ ၁၉ ရက်ကပင် နီဗားဒါး၌ တစ်ပြိုင်တည်း ပြုလုပ်သည့် ရီပတ်ဘလီကင်တို့၏ အကြိုရွေးကောက်ပွဲတွင် မစ်ဂွမ်နေး ၅၁ ရာခိုင်နှုန်း၊ ရွမ်ပေါလ်က ၁၄ ရာခိုင်နှုန်း၊ ဂျွန်မက်ကိန်းက ၁၃ ရာခိုင်နှုန်း၊ မိုက်ဟတ်ကာဘီးက ရှစ်ရာခိုင်နှုန်း၊ ဖရက်သွန်မဆင်က ရှစ်ရာခိုင်နှုန်း၊ ဂူလီယာနီက လေးရာခိုင်နှုန်းရသည်။



ကြိုတင်ပြင်ဆင်

ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်များအတွက် ဇန်နဝါရီ ၁၉ ရက်က နီဗားဒါးပြည်နယ် အကြိုရွေးကောက်ပွဲမှ ထောက်ခံမဲ ၉၈ ရာခိုင်နှုန်း ရေတွက်အပြီးတွင် ဟီလာရီကလင်တန်က ၅၁ ရာခိုင်နှုန်းရရှိကာ ဦးဆောင်နေသည်။ အိုဘားမားက ၄၅ ရာခိုင်နှုန်းနှင့် ဂျွန်အက်ဒွပ်က လေးရာခိုင်နှုန်းအသီးသီး ရရှိကြသည်။

ရွေးကောက်ပွဲ

ဤပြည်နယ် အကြိုရွေးကောက်ပွဲ၌ ဦးဆောင်သူဟီလာရီကလင်တန်နှင့် နောက်မှ အိုဘားမားတို့သည် ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ်လောင်းနေရာအတွက် အကြိတ်အနယ် ဖြစ်နေသည်။ ဇန်နဝါရီ ၂၆ရက်၌ပြုလုပ်မည့် တောင်ကာရိုလိုင်းနား ပြည်နယ်အကြိုရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

(အင်တာနက်)

ကျူးဘားပါလီမန် ရွေးကောက်ပွဲပြီးစီး ဖေဖော်ဝါရီ ၂၄ ရက်၌ လွှတ်တော်စည်းဝေးမည်

ဟာဗားနား ဇန်နဝါရီ ၂၂

ကျူးဘားလွှတ်တော်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်တွင်စတင်မည်ဖြစ်ကြောင်း ကျူးဘားယာယီခေါင်းဆောင် ရောလ်ကတ်စထရိုက ကျူးဘားပါလီမန်ရွေးကောက်ပွဲပြီးလျှင်ပြီးချင်း ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာသည်။

ဖေဖော်ဝါရီ ၂၄ ရက်သည် ကျူးဘား ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုသည့် နှစ်ပတ်လည်နေ့၊ ၁၈၉၅ ခုနှစ် ကျူးဘားလွတ်လပ်ရေးစစ်ပွဲစတင်သည့်နေ့ဖြစ်သဖြင့် နေ့ထူးနေ့မြတ်ဖြစ်ကြောင်း ရောလ်ကတ်စထရိုက ကြေညာသည်။

ပြောကြား

လွှတ်တော်အစည်းအဝေး စတင်သည့်နေ့တွင် ကျူးဘား ခေါင်းဆောင်ကို ရွေးချယ်မည်ဖြစ်သည်။ ပထမဆုံး ကျူးဘားနိုင်ငံတော်ကောင်စီကို ရွေးချယ်မည်၊ ပြီးမှ နိုင်ငံတော်ကောင်စီက ကျူးဘားခေါင်းဆောင်ကို ရွေးချယ်ရမည်ဖြစ်သည်။

ကတ်စထရို အနေဖြင့် ကျူးဘားခေါင်းဆောင်ရာထူးကို ပြန်ယူမည်ဖြစ်ကြောင်း ဧည့်သည်တော် ဘရာဇီးသမ္မတ လူလာဒါဆီးလ်ဗားက ကတ်စထရိုနှင့် တွေ့ဆုံအပြီးတွင် ဇန်နဝါရီ ၁၅ ရက်က ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဘရာဇီးနိုင်ငံ ဘရာဆီးလီးယားပြည်နယ်ရှိ အင်တာနက်ကဖေးတစ်ခု၌ ကလေးငယ်များ တီဗွီဂိမ်း ကစားနေသည်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ပထမကမ္ဘာစစ်အတွင်း ပါဝင်ခဲ့သော ပြင်သစ်တပ်ဖွဲ့ဝင် အသက် ၁၁၀ ၌ ကွယ်လွန်ခဲ့

ပါရီ ဇန်နဝါရီ ၂၂

ပြင်သစ်နိုင်ငံ၌ ပထမကမ္ဘာစစ်အတွင်းက စစ်ပြန်နှစ်ဦးသာရှိခဲ့ရာမှ တစ်ဦးမှာ အသက် ၁၁၀ တွင် ကွယ်လွန်သွားပြီဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ကွယ်လွန်

၁၉၁၆ခုနှစ်က ဆွမ်မီတိုက်ပွဲတွင် ပါဝင် တိုက်ခိုက်ခဲ့သော လူးဝစ်ဒီကာဇီနာဗီသည် ပြင်သစ်နိုင်ငံ အလယ်ပိုင်း ဘရီယိုဒီရှိ ၎င်း၏ နေအိမ်၌ ကွယ်လွန် အနိစ္စရောက်ခဲ့ကြောင်း သားဖြစ်သူ လူးဝစ်က ပြောကြားသည်။

ဝင်ရောက်

မစ္စတာ ကာဇီနာဗီသည် နပိုလီယံခေတ်ပြီးနောက် ၁၉၁၆ခုနှစ်က အသက် ၁၉နှစ်အရွယ်တွင် ပြင်သစ်ခြေလျင်တပ်သို့ ဝင်ရောက်ခဲ့သည်။

၎င်းသည် ပြင်သစ်လူငယ်များနှင့်အတူ ဂျာမန်တို့၏ ကျူးကျော်မှုကို တွန်းလှန်တိုက်ခိုက်ရာတွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်သစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်မှတ်ရေးထိုး

ပေကျင်း ဇန်နဝါရီ ၂၂

တရုတ်နိုင်ငံသည် လွတ်လပ်သောကုန်သွယ်ရေးဒေသ(အက်ဖ်ဘီအေ) သဘောတူညီချက်အသစ် တစ်ရပ်ကိုလက်မှတ်ရေးထိုးလိုက်ကြောင်း တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပေကျင်းမြို့၌ ကျင်းပသော ကူးသန်းရောင်းဝယ်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရာ၌ ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် လွတ်လပ်သော ကုန်သွယ်ရေးသဘော တူညီချက်ခြောက်ခုကို စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချန်ဒီမင်းက ပြောကြားသည်။

တရုတ်နိုင်ငံသည် ယခင်က တရုတ်ဟောင်ကောင်၊ တရုတ်မကာအို၊ ချီလီ၊ ပါကစ္စတန်နှင့် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တို့နှင့် လွတ်လပ်သော ကုန်သွယ်ရေးဒေသ ထူထောင်ထားသည်။

အဆိုပါနိုင်ငံသည် အာဖရိကတောင်ပိုင်းဒေသ၊ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ၊ နယူးဇီလန်၊ သြစတြေးလျ၊ စင်ကာပူ၊ အိုက်စလန်နှင့် ပီရူးတို့နှင့်လည်း စာချုပ်ရန် ဆွေးနွေးနေသည်ဟု သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဆားဘီးယားသမ္မတ ရွေးကောက်ပွဲ ဒုတိယအကြိမ် ပြုလုပ်ရဦးမည်

ဘဲလ်ဂရိတ် ဇန်နဝါရီ ၂၂

ဆားဘီးယားသမ္မတ ရွေးကောက်ပွဲတွင် အနောက်အုပ်စုလိုလားသည့် လက်ရှိသမ္မတ ဘောရစ်တာဒစ်အား သဘောထားတင်းမာသည့် အမျိုးသားရေးဝါဒီ နီကိုလစ်က အနိုင်ရသွားသည်။ သို့သော် သမ္မတရွေးကောက်ပွဲကို ဒုတိယအကြိမ် ပြုလုပ်ရမည်ဖြစ်ကြောင်း ရွေးကောက်ပွဲ မဲအရေအတွက်က ပြသနေသည်။

အနောက်အုပ်စု လိုလားသည့် သမ္မတ ဘောရစ်တာဒစ်က ၃၅ ရာခိုင်နှုန်း ထောက်ခံမဲရပြီး ရုရှားဘက်ယိမ်းသည့် မစ္စတာနီကိုလစ်က ၃၉ ရာခိုင်နှုန်းရရှိကြောင်း ရွေးကောက်ပွဲကော်မရှင်က ကြေညာသည်။

၅၀ရာခိုင်နှုန်း

ပထမအကြိမ် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူကိုယ်စားလှယ်သည် ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းကျော်မှသာလျှင်တစ်ကြိမ်တည်းဖြင့် သမ္မတအဖြစ်ရွေးချယ်ခံရသည်။

ဒုတိယအကြိမ်

ယခုအခါ ပထမအကြိမ်တွင် နှစ်ဦးစလုံး ၅၀ ရာခိုင်နှုန်းထောက်ခံမဲ မရရှိသည့်အတွက် ဖေဖော်ဝါရီ ၃ ရက်တွင် ဒုတိယအကြိမ် ယှဉ်ပြိုင်ကြရဦးမည်ဖြစ်သည်။ **(အင်တာနက်)**

ဟားမတ်စ်သေနတ်သမားနှစ်ဦး ဂါဇာတိုက်ပွဲ၌ သေဆုံး

ဂါဇာ ဇန်နဝါရီ ၂၂

အစ္စရေးစစ်သားများက ဂါဇာကမ်းမြောင်မြောက်ပိုင်းကို ဒုံးကျည်များဖြင့် ဇန်နဝါရီ ၁၉ရက်အစောပိုင်းက ပစ်ခတ်သဖြင့် ဟားမတ်စ်စစ်သွေးကြွ နှစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ပါလက်စတိုင်းဆေးဝန်ထမ်း သတင်းရပ်ကွက်က ပြောကြားသည်။

ပစ်ခတ်

ပါလက်စတိုင်း သေနတ်သမားများကို မပစ်ခတ်မီ အစ္စရေးစစ်သားများသည် ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဂျာဘီလီယာဒုက္ခသည်စခန်း နယ်မြေအရှေ့ပိုင်းသို့ တင့်ကားနှင့်သံချပ်ကာ ယာဉ်အစီး၄၀ကျော်ဖြင့် ဝင်ရောက်လာပြီး အပြန်အလှန်ပစ်ခတ်ကြခြင်းဖြစ်သည်ဟု ဒေသခံများက ပြောဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

နယူးဇီလန် ကျွန်းဆွယ်၌ ငလျင်နှစ်ကြိမ်လှုပ်

ဝယ်လင်တန် ဇန်နဝါရီ ၂၂

နယူးဇီလန်နိုင်ငံတောင်ပိုင်း ကျွန်းဆွယ်၌ ဇန်နဝါရီ ၂၁ရက် နံနက်ပိုင်းက ငလျင်နှစ်ကြိမ်လှုပ်ခဲ့ကြောင်း၊ ၎င်းနေ့နံနက် ၆နာရီ ၄၇မိနစ်၌ ရစ်ချ်တာစကေး ၃ ဒသမ ၄အဆင့်ရှိ ငလျင်သည် ဟန်မားမြို့ အရှေ့မြောက်ပိုင်း ကီလိုမီတာ ၁၀ အကွာတွင် မြေအောက် ၇ ကီလိုမီတာအကွာကို ဗဟိုပြုခဲ့သည်။

ထပ်မံလှုပ်ခဲ့

ဒုတိယအကြိမ် နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရစ်ချ်တာစကေး ၅ဒသမ ၃အဆင့်ရှိ ငလျင်သည် အန်ယူပြည်နယ် အနောက်မြောက်ပိုင်း ကီလိုမီတာ ၈၀ အကွာ၌ မြေအောက်ကီလိုမီတာ ၂၀ ကို ဗဟိုပြု၍ ထပ်မံလှုပ်ခဲ့ကြောင်း ပြည်နယ် ဘူမိသိပ္ပံဌာနက ကြေညာသည်။

ယင်းငလျင်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများ မရှိခဲ့ကြောင်း ပြောကြားသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

ဇနီးဖြစ်သူအား အနိုင်ရစေရန် လွဲမှားပြောဆိုနေ သမ္မတဟောင်းကလင်တန်အား အိုဘားမား စွပ်စွဲပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၂၂

သမ္မတဟောင်း ဘီလ်ကလင်တန်သည် အမေရိကန်သမ္မတ အကြိုရွေးကောက်ပွဲတွင် ဇနီးဖြစ်သူအား အနိုင်ရစေလိုသဖြင့် ပြိုင်ဘက်များအပေါ် လွဲမှားစွာဝေဖန်ပြောဆိုနေကြောင်း ဒီမိုကရက်တစ်သမ္မတလောင်း ဘားရက်အိုဘားမားက စွပ်စွဲပြောကြားလိုက်သည်။

ဟီလာရီကလင်တန်သည် အိုဘားမား၏ အဓိကပြိုင်ဘက်ဖြစ်သည်။ အကြိုရွေးကောက်ပွဲများတွင် ၎င်းအနိုင်ရရှိစေရန် သမ္မတဟောင်းကလင်တန်က အိုဘားမား အပေါ် အီရတ်စစ်ပွဲနှင့်ပတ်သက်၍ လွဲမှားစွာ ဝေဖန်ပြောကြားနေသည်ဟု ဆိုသည်။

ဒီမိုကရက်တစ် သမ္မတလောင်း ဘားရက်အိုဘားမား။

(အင်တာနက်ဓာတ်ပုံ)

ထိပ်တိုက်ရင်ဆိုင်

မစ္စတာကလင်တန်အနေဖြင့် ထိုသို့ လွဲမှားစွာပြောကြားနေသည့်အတွက် အနာဂတ်တွင် မိမိ၏ဟောပြောလှုံ့ဆော်ပွဲများတွင် ထိပ်တိုက်ရင်ဆိုင်ရလိမ့်မည် ဖြစ်ကြောင်း အိုဘားမားက ပြောကြားသည်။

ဝေဖန်

အဆိုပါသမ္မတဟောင်းသည် ဇနီးဖြစ်သူကိုယ်စား ကိုယ်တိုင်ထောက်ခံမှုကို ရယူနေကြောင်း ၎င်းက ဝေဖန်ပြောကြားသည်။

အပုပ်ချပြောကြား

အီရတ်စစ်ပွဲ မစတင်မီက စစ်ပွဲကို မစ္စတာအိုဘားမားအနေဖြင့် ဆန့်ကျင်သည် ဆိုခြင်းမှာ ပုံပြင်မျှသာ ဖြစ်ကြောင်း သမ္မတဟောင်းကလင်တန်က ဇနီးဖြစ်သူရွေးကောက်ပွဲတွင် အနိုင်ရရှိစေရန် ရည်ရွယ်၍ အပုပ်ချပြောကြားနေသည်ဟု ဆိုသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အစ္စရေးဂြိုဟ်တု အိန္ဒိယလွှတ်တင်

ဆရီဟာရီကိုတာ(အိန္ဒိယ) ဇန်နဝါရီ ၂၂

အစ္စရေးနိုင်ငံ၏ ထောက်လှမ်းရေး ဂြိုဟ်တုတစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းသို့ အိန္ဒိယနိုင်ငံက အောင်မြင်စွာလွှတ်တင်ပေးလိုက်ကြောင်း၊ ယင်းကို အိန္ဒိယတောင်ပိုင်း ဆရီဟာရီကိုတာ အာကာသစခန်းမှ လွှတ်တင်ပေးလိုက်ခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တီစကာဟု အမည်ပေးထားသော အဆိုပါဂြိုဟ်တုကို ဇန်နဝါရီ ၂၁ ရက်က လွှတ်တင်ပေးလိုက်ခြင်းဖြစ်သည်။ ယင်းဂြိုဟ်တုသည် မည်သည့်ရာသီဥတုမဆို ကမ္ဘာမြေပြင်ရှိနေရာများကို ဓာတ်ပုံရိုက်ယူနိုင်သည့် ကင်မရာတပ်ဆင်ထားသည်ဟု ဆိုသည်။

လွှတ်တင်ပေး

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ် ဧပြီလက အီတလီဂြိုဟ်တုကိုလည်း ဒေါ်လာ ၁၁ သန်း အခကြေးငွေယူ၍ လွှတ်တင်ပေးခဲ့သည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ရုရှား၊ တရုတ်၊ ယူကရိန်းနှင့် ဥရောပ အာကာသအေဂျင်စီတို့နှင့်အပြိုင် စီးပွားရေးဆိုင်ရာ ဂြိုဟ်တုလွှတ်တင်ပေးခြင်းကို ယှဉ်ပြိုင်ရန် စိတ်အားသန်နေသည်ဟု ဆိုသည်။ **(အင်တာနက်)**

ကင်ညာ၌ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွား မြို့တော် နိုင်ရိုဘီတွင် အဆိုးရွားဆုံး လုပ်ဆောင်ခဲ့

နိုင်ရိုဘီ ဇန်နဝါရီ ၂၂

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲပြီးနောက် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားခဲ့ရာ ပြီးခဲ့သည့် ဇန်နဝါရီ ၁၉ ရက်နှင့် ၂၀ ရက်များက အကြမ်းဖက်မှုကြောင့် အနည်းဆုံး လူ ၃၀ ကျော် သေဆုံးသွားကြောင်း သတင်းများက ဖော်ပြသည်။

အဆိုးရွားဆုံး အကြမ်းဖက်မှုမှာ ရစ်ဖ်ဘယ်လီဒုက္ခသည်စခန်း၌ နေထိုင်သူများအား ဆန့်ကျင်ဘက် အုပ်စုက တောခုတ်ဓား၊ လေးမြားတို့ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၂၂ ဦးသေဆုံးခဲ့ရသည်။

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးသွားသည့် နေအိမ်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

သေဆုံးခဲ့

နိုင်ရိုဘီမြို့၌လည်း ဓားဖြင့် အခုတ်ခံရပြီး သုံးဦးသေဆုံးခဲ့သည်။ နိုင်ငံ၏ အခြားနေရာများ၌လည်း အကြမ်းဖက်မှုကြောင့် ငါးဦး သေဆုံးခဲ့သည်ဟု ဆိုခဲ့သည်။

တွေ့မည်

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်သည် ကြားဝင်ဖျန်ဖြေပေးမှု တစ်စိတ်တစ်ဒေသအဖြစ် နိုင်ငံရေးခေါင်းဆောင်များနှင့် တွေ့မည်ဟုဆိုသည်။

အီးယူဖွံ့ဖြိုးတိုးတက်ရေးမင်းကြီး လူးဝစ်မစ်ချယ်ကလည်း ကင်ညာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းကို ကြားဝင်ဖျန်ဖြေပေးသူအဖြစ် ကြိုးစားလျက်ရှိသည်။

၎င်းသည် ကင်ညာသမ္မတ ကီဘာကီနှင့် အတိုက်အခံခေါင်းဆောင် အိုဒင်ဂါတို့အားတွေ့ဆုံပြီး တင်းမာမှုများ အဆုံးသတ်ရန် တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

အစ္စရေး တိုက်ခိုက်လျှင် ဟင်ဇ်ဘိုလာ လက်တုံ့ပြန်မည်

ဘေရွတ် ဇန်နဝါရီ ၂၂

လက်ဘနွန်နိုင်ငံ ဟစ်ဇ်ဘိုလာအုပ်စုခေါင်းဆောင် ဟက်ဆင်နာဆရယ်လားသည် အစ္စရေးနိုင်ငံက တစ်စုံတစ်ရာတိုက်ခိုက်လာလျှင် လက်တုံ့ပြန်မည် ဖြစ်ကြောင်း ဇန်နဝါရီ ၁၉ ရက်က သတိပေးလိုက်သည်။

ပြောကြား

အစ္စရေးစစ်ဘက်က လက်ဘနွန် ပိုင်နက်အတွင်း ကျူးကျော်ခြင်း၊ သို့မဟုတ် လက်ဘနွန်တောင်ပိုင်းမှ အရပ်သားများအား အစ္စရေးစစ်တပ်က တိုက်ခိုက်ခြင်း စသော လုပ်ရပ်မှန်သမျှကို ဟစ်ဇ်ဘိုလာအုပ်စုက မတုံ့ပြန်ဘဲ နေမည်မဟုတ်ကြောင်း ဟက်ဆင်နာ ဆရယ်လားက လူထုစည်းဝေးပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်တောင်ပိုင်း၌ ဗုံးပေါက်ကွဲ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ကဘူးလ် ဇန်နဝါရီ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဇန်နဝါရီ ၂၀ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း အာဖဂန်နစ္စတန် စစ်ဘက်အရာရှိများက ပြောကြားသည်။

ထိုဗုံးပေါက်ကွဲမှုမှာ မူဆာကာလာမြို့ မြောက်ပိုင်း နှစ်မိုင်ခန့်အကွာတွင် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အခြားတပ်ဖွဲ့ဝင်ငါးဦးလည်း ဒဏ်ရာရရှိခဲ့သည်။

အရှိန်အဟုန်မြှင့်

အဆိုပါ ဗြိတိန်တပ်ဖွဲ့ဝင်များသည် မော်တော်ယာဉ်တစ်စီးဖြင့် ဖြတ်သန်းစဉ် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်တွင် နေတိုးတပ်ဖွဲ့ဝင်များကို တာလီဘန် တိုက်ခိုက်ရေးသမားများက ဗုံးခွဲတိုက်ခိုက်မှုများ အရှိန်အဟုန်မြှင့် ပြုလုပ်လျက်ရှိသည်။

ယခုအခါ အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ် အခြေစိုက်လေတပ်စခန်းမှနေ၍ ရဟတ်ယာဉ်များဖြင့် စစ်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိနေကြောင်း နေတိုးအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

ရှင်းလင်း

တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်ရှိ ဟီဖိုင် မီးရထားလမ်းတစ်လျှောက် ဆီးနှင်းများ ဖုံးလွှမ်းနေမှုအား ရှင်းလင်း ဖယ်ရှားနေသည်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အတ္တလန္တိတ်သမုဒ္ဒရာ၌ ရုရှားစစ်ရေးလေ့ကျင့်

မော်စကို ဇန်နဝါရီ ၂၂

အတ္တလန္တိတ်သမုဒ္ဒရာ မြောက်ပိုင်းတွင် ဇန်နဝါရီ ၂၁ ရက်မှ စတင်ကာ ရုရှားရေတပ်သင်္ဘောများက စစ်ရေး လေ့ကျင့်မှု စတင်ပြုလုပ်လျက်ရှိကြောင်း ရုရှားမီဒီယာများက ဖော်ပြသည်။

လေ့ကျင့်

အတ္တလန္တိတ် သမုဒ္ဒရာတွင် ရုရှားတို့ စစ်ရေးလေ့ကျင့်မှုမှာ ၁၅နှစ် တာကာလအတွင်း အကြီးဆုံး ရေတပ်စစ်ရေးလေ့ကျင့်မှု ဖြစ်သည်။ သုံးရက်ကြာမြင့်မည့် ရုရှားရေတပ်စစ်ရေး လေ့ကျင့်မှုသည် မြေထဲပင်လယ်တွင်ရှိသော ရုရှားရေတပ် စစ်သင်္ဘောများနှင့်ပါ ပူးတွဲလေ့ကျင့်ကြခြင်း ဖြစ်သည်။

စစ်ရေးလေ့ကျင့်

ရုရှားတို့၏ မော့ခ်ဗာစစ်သင်္ဘောနှင့် ကူနက်ဆောဗ်ဖျက်သင်္ဘောများလည်း ပါဝင်စစ်ရေးလေ့ကျင့်ကြပြီး တိုက်ခိုက်ရေး စစ်ယာဉ်များ၊ တိုက်လေယာဉ်များကလည်း ပူးတွဲစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ပြောကြား

ကမ္ဘာ့သမုဒ္ဒရာများတွင် စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခြင်းသည် ရေကြောင်း စစ်ဆင်ရေးများအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီး အာနာတိုလီဆာဒ်ယူကော့ဗ်က ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာ သတင်းများ

တရုတ်၌ ချယ်ရီမော်တော်ကားဈေးကွက် ၂၆ ရာခိုင်နှုန်း တိုးမြှင့်ရန်မျှော်မှန်း

ပေကျင်း ဇန်နဝါရီ ၂၂

တရုတ်နိုင်ငံ၏ ချယ်ရီမော်တော်ကားကုမ္ပဏီမှ ယခုနှစ်အတွင်း မော်တော်ကား အရောင်းဈေးကွက်၌ ၂၆ရာခိုင်နှုန်းတိုးမြှင့်ရန် မျှော်မှန်းထားရှိသည်။ ယခင်နှစ် အလားတူ ကာလထက်မြင့်တက်ခဲ့ပြီး ၎င်းကုမ္ပဏီမှ ချယ်ရီမော်တော်ကား ပုံစံသစ်များ ထုတ်လုပ်၍ ပြည်ပဈေးကွက် တိုးချဲ့မည်ဖြစ်သည်။

တိုးမြှင့်

၂၀၀၇ခုနှစ်အတွင်းက ချယ်ရီမော်တော်ကားစီးရေ ၃၈၁၀၀၀ရောင်းချနိုင်ခဲ့ရာ ယခုနှစ်အတွင်းမော်တော်ကားစီးရေ ၄၈၀၀၀၀ ရောင်းချနိုင်ရန် မျှော်မှန်းထားရှိသဖြင့် နှစ်ချင်းအလိုက် ၂၄ ဒသမ ၈ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။ ယခင်နှစ်ကာလက ချယ်ရီမော်တော်ကားကုမ္ပဏီ၏ အရောင်းဈေးကွက်သည် တရုတ်နိုင်ငံ၏ စတုတ္ထအဆင့်တွင်ရှိကြောင်း အဆိုပါကုမ္ပဏီက ပြောကြားသည်။

ချယ်ရီမော်တော်ကားကုမ္ပဏီသည် တရုတ်နိုင်ငံ အန်ဟွေးပြည်နယ်၌ တည်ရှိပြီး သက်တမ်း၁၁နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းအားဖြင့် နှစ်စဉ်တိုးမြှင့်လျက်ရှိရာ ၂၀၁၀ပြည့်နှစ်အရောက်တွင် မော်တော်ကားစီးရေ တစ်သန်းထုတ်လုပ်နိုင်မည် ဖြစ်သည်။

၎င်းကုမ္ပဏီမှ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ရုရှား၊ တောင်အမေရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများနှင့် တောင်အာဖရိကနိုင်ငံများ ပါဝင်သည်။ (အင်တာနက်)

နယ်စပ်ပိတ်ထားသဖြင့် ဂါဇာ၌ ရိက္ခာပြတ်လပ် ပြည်သူ့ရှစ်သိန်းကျော် အခက်အခဲဖြစ်နေ

ဂါဇာ ဇန်နဝါရီ ၂၂

ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသတွင် ဒေသခံပြည်သူ ၈၆၀၀၀၀ခန့်တို့ စားနပ်ရိက္ခာပြတ်လပ်လျက်ရှိကြောင်း ကုလသမဂ္ဂအရာရှိများက ဇန်နဝါရီ၂၁ရက်က ပြောကြားလိုက်သည်။

ထိုသို့ စားနပ်ရိက္ခာ ပြတ်လပ်မှုမှာ အစ္စရေးတို့က နယ်စပ်ဖြတ်သန်းမှုကို ဆက်လက်ပိတ်ထားခြင်းကြောင့်ဖြစ်ပြီး ပါလက်စတိုင်းရှိ ဂါဇာကမ်းမြောင်ဒေသမှ ပြည်သူများ၏ စားနပ်ရိက္ခာရရှိရေး အခက်အခဲ ဖြစ်နေကြရမည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

ပြောကြား

ဂါဇာကမ်းမြောင်ဒေသရှိ စားနပ်ရိက္ခာ ပြတ်လပ်နေသော ပြည်သူများအား စားနပ်ရိက္ခာများ လိုအပ်လျက်ရှိပြီး ဂါဇာကမ်းမြောင်ဒေသရှိ မော်တော်ယာဉ်များနှင့် ဓာတ်အားပေးစက်များလည်း လောင်စာဆီ ပြတ်လပ်လျက်ရှိသည်။

အီဂျစ်နိုင်ငံက အစ္စရေးတို့အနေဖြင့် ပိတ်ထားသော နယ်စပ်ကို ပြန်လည်ဖွင့်လှစ်ပေးရန် တိုက်တွန်းတောင်းဆိုလိုက်ပြီး အာရပ်အဖွဲ့ချုပ်နှင့်အတူ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်လည်း ပြောကြားခဲ့သည်။

အစ္စရေးတို့က နယ်စပ်ကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၇ရက်မှ စတင်ကာ ပိတ်ထားခဲ့ရာ ယခုအထိ ပြန်မဖွင့်သေးကြောင်း သိရသည်။ **(အင်တာနက်)**

ထိုင်းပါလီမန် အစည်းအဝေးကျင်းပ ဝန်ကြီးချုပ်သစ် ရွေးချယ်မည်

ဗန်ကောက် ဇန်နဝါရီ ၂၂

ထိုင်းနိုင်ငံ၌ ရွေးချယ်တင်မြှောက်ထားသည့် ပါလီမန်က ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် အာဏာသိမ်းမှုဖြစ်ပြီးနောက် ပထမဆုံးအကြိမ် ပါလီမန် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။

ကြေညာခဲ့

အဆိုပါ အစည်းအဝေးသည် ဒီဇင်ဘာလတွင် မဲဆန္ဒပေးပွဲကျင်းပပြီးနောက် ကျင်းပခြင်းဖြစ်သည်။ ဇန်နဝါရီ ၁၉ရက်က ပြည်သူ့အာဏာပါတီ(ပီပီပီ)က ဦးဆောင်ပြီး ပါတီခြောက်ခုဖြင့် ပါလီမန်ဖွဲ့စည်းရန် ကြေညာခဲ့သည်။

ကျင်းပ

ပီပီပီ အကြီးအကဲဆာမတ်**(ဝဲပုံ)**သည် ဇန်နဝါရီ ၂၅ရက်တွင် ဝန်ကြီးချုပ်ဖြစ်လာနိုင်သည်။ ထိုင်းအိမ်ရှေ့မင်းသား ဗာဂျီရာလောင်ကွန်းသည် အဆိုပါ ပါလီမန် အစည်းအဝေးတွင် သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။

ပီပီပီပါတီသည် ပါတီငယ်ငါးခုဖြင့် ဖွဲ့စည်းထားသော ညွန့်ပေါင်းအစိုးရအောက်လွှတ်တော်၌ အမတ်နေရာ ၄၈၀ရှိရာတွင် အမတ်နေရာ ၃၁၅ နေရာ ရရှိမည် ဖြစ်သည်။

ရွေးချယ်

ဇန်နဝါရီ ၂၅ရက်တွင် လွှတ်တော်အမတ်များက ဝန်ကြီးချုပ်ရွေးချယ်မည်ဖြစ်ရာ မစ္စတာဆာမတ်သည် ထိပ်တန်းမှ ပြေးနေသူဖြစ်သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာမှုခင်းဖြစ်ရပ်

ဝေးကြပြီကောကွယ်

ပြိုးပျော်ခဲ့စဉ်က ဂျွန်ဟိုဂန်(ဝဲ)နှင့် နာတာရှာဟိုဂန်(ယာ)တို့ ဇနီးမောင်နှံကို သားကလေးလီအမ်၊ သမီးကလေးမီယာတို့နှင့်အတူတွေ့ရစဉ်။

ကမ္ဘာလောကကြီး တစ်ခုလုံး သာယာလှပနေသလို ဗြိတိန်နိုင်ငံသည်လည်း လှပမှုအပေါင်း သရဖူဆောင်းနေသည်။ ထိုအလှအပများကို လူအများစုခံစား နိုင်သော်လည်း ဗြိတိန်နိုင်ငံသား ဂျွန်ဟိုဂန်ကတော့ လုံးဝမခံစားနိုင်ရှာ။ ရှေ့ဘဝခရီးတစ်လျှောက်တွင်လည်း ယင်းအလှအပများကို ခံစားနိုင်ပါမည်လားဟု သူသေချာစဉ်းစား မိပြန်တော့ သူ့ရင်တွင် မချိမဆံ့ဖြောင်းဆန်အောင် နာကျင်ခံစားရပြီး ဖြေမဆည်နိုင်အောင် ဖြစ်ရသည်။ သူ၏အချစ်ကြီးမှုနှင့် အစွဲအလမ်းကြီးမှုက သူ့ဘဝကို အကြီးအကျယ် ဒုက္ခပေးလိုက်ကြောင်း သိရချိန်တွင် သူ၏ နောင်တမှာ နောက်ကျလွန်းနေပြီး ဖြစ်ပျက်ပြီးသော အရာရာကို အဖတ်ဆည်မရတော့ပေ။ ကိုယ့်ဘဝတစ်ခုလုံး ပျက်သုဉ်းသွားပြီ ထင်ပါရဲ့ကွယ်။ အတိတ်ဟောင်းဆိုတာ မမေ့ကောင်းစရာမို့ ဖွတ်အတင်း မေ့ထားသော အတိတ်ဟောင်းကို ပြန်ပြောင်း သတိရမိပြန်သည်။

နွေးထွေးကြင်နာယုယ

ထို့ကြောင့် လွန်ခဲ့သော ရှစ်နှစ်ခန့်ဆီသို့ စိတ်ခရီး ဆန့်ခဲ့မိပြန်သည်။ ထိုစဉ် ၂၀၀၀ပြည့်နှစ်က သူသုံးနှစ်သုံးမိုးခန့် ပိုးပန်းခဲ့ရသော နာတာရှာကလေးနှင့် နှစ်ကိုယ်တူ ချစ်ရည်မျှကာ အကြောင်းဆက် ပေါင်းဖက်ခဲ့ချိန် ဖြစ်သည်။ ထိုစဉ်က သူ၏အသက် ၃၆နှစ်အရွယ်ရှိပြီး နာတာရှာက ၂၂နှစ် အရွယ်သာရှိသေးသည်။ သူချစ်ခင်မြတ်နိုးသော ငယ်ရွယ်ချောမောလှပသည့် ချစ်သူကလေးကို ပိုင်ဆိုင်ခွင့်ရသူ ဂျွန်ဟိုဂန်သည် သူ့ကိုယ်သူ ကမ္ဘာပေါ်တွင် ကံအကောင်းဆုံးလူဟု မှတ်ယူထားပြီး ဇမ္ဗူတစ်လူဟုပင် ထင်မှတ်မိသည်။ သို့သော်လည်း သူ့ထက်အသက်ငယ်ရွယ်သူ ဇနီးသည်က သူ့ကိုပစ်ပြီး ထွက်သွားမည်ကိုလည်း စိုးရိမ်မှု လွန်ကဲနေမိပြန်သည်။ သူ၏ အချစ်ကြီးပြီး အစွဲအလမ်းကြီးတတ်သော စိတ်သဘောကို နားလည်ပြီး မျှဝေခံစားတတ်သော ဇနီးသည်က စိတ်ချလက်ချ စိတ်အေးချမ်းသာနေရန်နှင့် သစ္စာဖောက်မည် မဟုတ်ကြောင်း နှစ်သိမ့်ကာ နွေးထွေးကြင်နာယုယခဲ့၍သာ ဂျွန်ဟိုဂန်အနေဖြင့် စိတ်သက်သာရာ ရခဲ့သည်။

ကြေညာခဲ့

ဂျွန်ဟိုဂန်နှင့် နာတာရှာဟိုဂန်တို့ ဇနီးမောင်နှံသည် အရွယ်မညီသော်လည်း အချစ်ညီပြီးအရွယ်မမျှသော်လည်း အချစ်မျှသည့် စံပြဇနီးမောင်နှံဖြစ်သည်။ သူတို့နှစ်ဦးသည် လက်ထပ်ပြီးတစ်နှစ်ကြာမျှ သားသမီးမယူဘဲ လွတ်လပ်ပျော်ရွှင်သော ချစ်ဘုံဗိမာန်ကလေးကို တည်ဆောက်ခဲ့ကြသည်။ ထို့နောက် သားသမီးယူခဲ့ရာ ၂၀၀၂ခုနှစ်တွင် သားကလေးလီအမ်ကို မွေးဖွားခဲ့ပြီး ၂၀၀၆ခုနှစ်တွင် သမီးကလေးမီယာကို မွေးဖွားခဲ့လေသည်။ သားကလေး ခြောက်နှစ်နီးပါးနှင့် သမီးကလေးနှစ် နှစ်နီးပါးဖြစ်သည့် ၂၀၀၇ခုနှစ် အောက်တိုဘာလတွင်မူ သူတို့၏ အိမ်ထောင်ရေးတွင် အက်ကြောင်းထင်စပြုခဲ့သည်။ ခင်ပွန်းသည် ဂျွန်ဟိုဂန်၏ ချစ်ခင်စွဲလမ်းမှု လွန်ကဲသည့် စိုးရိမ်စိတ်ကြောင့်ပင်ဖြစ်သည်။

ကြေကွဲဖွယ်ရာ

ဇနီးသည် နာတာရှာဟိုဂန်သည် သူနှင့်ခင်ပွန်းသည် ဂျွန်ဟိုဂန်တို့၏ အကြားဖြစ်ပေါ်ခဲ့သော အိမ်ထောင်ရေး အက်ကြောင်းကို ရင်ကြားစေ့နိုင်ရန် ခင်ပွန်းသည်နှင့်အတူ ၂၀၀၇ခုနှစ် ဇန်နဝါရီလဆန်းတွင် မြေထဲပင်လယ် အရှေ့ပိုင်းရှိ ဂရိပိုင်ခရီတီကျွန်းသို့ အပန်းဖြေခရီးထွက်ခဲ့သည်။ အပန်းဖြေခရီးတွင်လည်း ခင်ပွန်းသည် ဂျွန်ဟိုဂန်၏ အချစ်ကြီးပြီး အစွဲအလမ်းကြီးကာ စိုးရိမ်စိတ် လွန်ကဲမှုကြောင့် သူတို့ ဇနီးမောင်နှံ အကြီးအကျယ် ပြဿနာတက်ခဲ့ရသည်။ ထို့ကြောင့် နာတာရှာဟိုဂန်က ဗြိတိန်သို့ ပြန်ရန် ခရီးဆောင်သေတ္တာများကို သိမ်းဆည်းစဉ်တွင် ဇနီးသည်၏ ပစ်ပယ်မှုကိုမခံနိုင်သော ဂျွန်ဟိုဂန်က သား သမီး နှစ်ဦးနှင့်အတူ ဟိုတယ်၏ လေးထပ်ရှိ ဝရန်တာမှ ခုန်ချခဲ့သဖြင့် သူတို့မိသားစုအတွင်း ကြေကွဲဖွယ်ရာ အဖြစ်ဆိုးနှင့် ကြုံခဲ့ရတော့သည်။

အမိန့်ထုတ်ပြန်

ထိုသို့ ခုန်ချခဲ့မှုကြောင့် သားကြီး လီအမ်မှာ ခေါင်းတွင် ဒဏ်ရာပရပွဖြင့် သေဆုံးခဲ့ပြီး သမီးငယ်မီယာမှာ လက်တစ်ဖက်ကျိုးခဲ့သဖြင့် နာတာရှာဟိုဂန်သည် ဂျွန်ဟိုဂန်နှင့် ကွာရှင်းပြတ်စဲခဲ့ပြီး သားဖြစ်သူကို သတ်မှုဖြင့် တရားစွဲဆိုခဲ့ရာ ဇန်နဝါရီ ၁၆ရက်တွင် အမှုကို ရင်ဆိုင်ခဲ့ကြသည်။ တရားရုံးက အခင်းဖြစ်ပွားချိန်တွင် ဂျွန်ဟိုဂန်၏ စိတ်သည် ပုံမှန်အနေအထား ရှိ/မရှိ စစ်ဆေးပြီးမှသာ ပြစ်ဒဏ်ချမှတ်မည်ဟု အမိန့်ထုတ်ပြန်သည်။

သင်ခန်းစာယူ

မည်သို့ပင်ဖြစ်စေ ချစ်စိတ်၊ စွဲလမ်းစိတ်နှင့် စိုးရိမ်စိတ် လွန်ကဲမှုကြောင့် ဆင်ခြင်တုံတရားနည်းပါးကာ မလုပ်သင့်သည်ကို လုပ်မိသဖြင့် သားသေ၊ သမီးလက်ကျိုးပြီး အချစ်ဆုံးဇနီးသည်နှင့် ဝေးခဲ့ရသည့် ဂျွန်ဟိုဂန်၏ အဖြစ်မှာ သင်ခန်းစာ ယူဖွယ်ကောင်းလှပြီး ဂျွန်ဟိုဂန်အနေဖြင့် ကျန်ရှိသည့် ဘဝခရီးတစ်လျှောက်လုံး ဝေးကြပြီကောကွယ်ဟူသော အဆွေးသီချင်းကို သီဆိုနေရုံမှတစ်ပါး - - -။ ။

> **ဂျွန်ဟိုဂန်နှင့် နာတာရှာဟိုဂန်တို့ ဇနီးမောင်နှံသည် အရွယ် မညီသော်လည်း အချစ်ညီပြီး အရွယ်မမျှသော်လည်း အချစ်မျှသည့် စံပြဇနီးမောင်နှံဖြစ်။**

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်းပြည်နယ် တာ့လျံမြို့တွင် နှစ်သစ်ကူးပွဲတော်အကြို ပန်းချီကားချပ်များခင်းကျင်းပြသမှုအား မြို့သူမြို့သားများ ကြည့်ရှုနေကြသည်ကို ဇန်နဝါရီ ၂၀ ရက်က ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မောင်မောင်မြင့်ဆွေ စုစည်းသည်

တိရစ္ဆာန်ကိုယုံစားမိလျှင် . . .

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ဇန်နဝါရီ ၂၀ရက်က အိမ်မွေးအယ်လ်ဖေးရှင်း ခွေးတစ်ကောင်နှင့်အတူ ငါးနှစ်အရွယ်ကလေးငယ် တစ်ဦးအား အိမ်တွင်ထားပြီး ဈေးသွားဝယ်သော မိခင်တစ်ဦးမှာ အိမ်ပြန်ရောက်ချိန်၌ ကလေးငယ်သေဆုံးနေသည်ကို တွေ့ခဲ့ရသည်။

မာလ်အဲရက်စ်အမည်ရှိ အမျိုးသမီးသည် နေအိမ်နှင့် မလှမ်းမကမ်းရှိ စတိုးဆိုင်တွင် ဈေးသွားဝယ်ပြီး ပြန်အလာ အိမ်၌ မွေးထားသော အယ်လ်ဖေးရှင်းခွေးက ကလေးငယ်နှင့်ဆော့ကစား နေရာမှ ရုတ်တရက် ဒေါသတကြီးဖြင့် ကလေးငယ်အား ကိုက်သတ်နေသည်ကို တွေ့ရသဖြင့် အော်ဟစ်ပြေးလွှား ရောက်ရှိလာသော်လည်း ကလေးငယ်သေဆုံးခဲ့ရသည်။ အိမ်မွေးတိရစ္ဆာန်ပင် ဖြစ်လင့်ကစား ယုံကြည်စိတ်ချမှု မရှိသင့်ကြောင်း သတိပြုဖွယ်ပင်ဖြစ်သည်။

ဝိုင်ယာကြိုးဟောင်းများမလဲခဲ့လျှင် . . .

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီး မြို့ရှိ စတိုးဆိုင်ကြီး တစ်ခု၌ ဇန်နဝါရီ ၂၁ရက်က အလှထွန်းထားသော ရောင်စုံမီးဆိုင်းများရှိ ဝိုင်ယာကြိုးမှတစ်ဆင့် မီးလောင်ခဲ့ရာ စတိုးဆိုင်ရှိ ပစ္စည်း အများအပြား မီးလောင်ခံခဲ့ရသည်။

အဆိုပါ ဝိုင်ယာကြိုးများ ဟောင်းနွမ်းနေသည်ကို အချိန်မီပြုပြင်မှုနှင့် အသစ်အစားထိုး မပြုလုပ်ခဲ့သဖြင့် ယခုကဲ့သို့ မီးလောင်ခံခဲ့ရခြင်းဖြစ်ရာ သတိပြုဆင်ခြင်စရာပင် ဖြစ်သည်။ **(အင်တာနက်)**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၂-၁-၂၀၀၈

စင်ကာပူ၌ ပြည်ပရင်းနှီးမြှုပ်နှံမှု တိုးတက်

စင်ကာပူနိုင်ငံသည် ၂၀၀၇ခုနှစ်က ပြည်ပမှရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁ ဘီလီယံအထိ ရရှိအောင်ဆွဲဆောင်နိုင်ခဲ့ကြောင်း စင်ကာပူစီးပွားရေးလုပ်ငန်းဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် ၂၀၀၆ခုနှစ်ကထက် ၈၂ဒသမ ၉၅ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းအရာရှိများက ပြောကြားသည်။

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား သူပုန်ခေါင်းဆောင်တစ်ဦး သေဆုံး

သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ဂျက်ဖ်နာကျွန်းဆွယ်တွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် တမီးလ်ကျားသူပုန်များတိုက်ပွဲဖြစ်ပွားရာ ဒေသဆိုင်ရာ တမီးလ်ကျားသူပုန်ခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာ စစ်ဘက်အရာရှိများက ပြောကြားသည်။

သီရိလင်္ကာတပ်ဖွဲ့များက တမီးလ်ကျားသူပုန်များကို စစ်ဆင်ရေးများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အမြစ်ပြတ်ချေမှုန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပါလက်စတိုင်းကိစ္စ အိုင်အိုစီနိုင်ငံခြားရေးဝန်ကြီးများ ညှိနှိုင်းသင့်

ပါလက်စတိုင်းကိစ္စရပ်နှင့်ပတ်သက်ပြီး အစ္စလာမ်ညီလာခံအဖွဲ့(အိုင်အိုစီ)မှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပပြီး ဆွေးနွေးဖြေရှင်းသင့်ကြောင်း အီရန်ကတိုက်တွန်းလိုက်သည်။

ပါလက်စတိုင်းဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများရပ်တန့်ပြီး ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာသင့်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မနောချီရာက ပြောကြားလိုက်သည်။

အင်ဒိုနီးရှား ကျောက်မီးသွေး တိုးမြှင့်ထုတ်လုပ်မည်

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်တွင် ကျောက်မီးသွေးတန်ချိန် ၂၃၄သန်းထုတ်လုပ်ရန် ရည်မှန်းထားကြောင်း အင်ဒိုနီးရှားအရာရှိများက ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၇ခုနှစ်က အင်ဒိုနီးရှားနိုင်ငံသည် ကျောက်မီးသွေးတန်ချိန် ၂၀၃ သန်း ထုတ်လုပ်နိုင်ခဲ့ရာ ယခုနှစ်၌ ပြည်တွင်းသုံးစွဲမှုမြင့်တက်ခဲ့သဖြင့် တိုးမြှင့်ထုတ်လုပ်ရမည်ဖြစ်သည်။

ရုရှား၊ တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့ စီးပွားရေးပူးပေါင်းဆောင်ရွက်ကြမည်

ရုရှားနှင့် မြောက်ကိုရီးယားတို့၏ ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားအရာရှိများက ပြောကြားလိုက်သည်။

တစ်ဖန်တောင်ကိုရီးယား၊ ရုရှားနှင့် မြောက်ကိုရီးယားတို့ သုံးနိုင်ငံပါဝင်သော ငြိမ်းချမ်းရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မတီတစ်ရပ်ကိုလည်း ထူထောင်သွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ရုရှားက ဆော်ဒီ၌ ရထားလမ်းဖောက်မည်

ဆော်ဒီအာရေဗျနိုင်ငံတွင် အရှည်ကီလိုမီတာ ၅၂၀ ရှိသော မီးရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအတွက် ရုရှားမီးရထားလမ်းကုမ္ပဏီကလေလံရရှိခဲ့ကြောင်း ရုရှားအရာရှိများက ပြောကြားသည်။ အဆိုပါ မီးရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအတွက် ကုန်ကျငွေမှာ အမေရိကန်ဒေါ်လာသန်း ၈၀၀ခန့်ရှိမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

အာဖဂန်နစ္စတန်ဖွံ့ဖြိုးရေး နိုင်ငံတကာမှ အကူအညီ လိုအပ်

အာဖဂန်နစ္စတန်တွင် စီးပွားရေးဖွံ့ဖြိုးရန်အတွက် နိုင်ငံတကာမှ အကူအညီများလိုအပ်လျက်ရှိကြောင်း အာဖဂန်နစ္စတန်အရာရှိများက ပြောကြားသည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဝင်ရောက်တပ်စွဲခဲ့ပြီးနောက် နိုင်ငံအတွင်း စီးပွားဖွံ့ဖြိုးမှု လျော့နည်းကျဆင်းခဲ့ရကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတကာမှ အကူအညီများ လိုအပ်လျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။

ချေချင်းညာ၌ ရုရှားတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ရုရှားနိုင်ငံ ချေချင်းညာဒေသတွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရုရှားတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်။ ချေချင်းညာအရှေ့ပိုင်းဒေသတွင် လုံခြုံရေးတာဝန်ဆောင်ရွက်နေသော ရုရှားတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်များ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရုရှားတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

လေယာဉ်ငယ်နှစ်စင်း ဝေဟင်၌တိုက်မိ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် တောင်ပိုင်းတွင် ဇန်နဝါရီ ၂၁ရက်က လေယာဉ်ငယ်နှစ်စင်း ဝေဟင်၌တိုက်မိပြီး ပျက်ကျခဲ့ရာ လေးဦးသေဆုံးခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

* ရိုမေးနီးယားနိုင်ငံ လီရာမာနိုလူမြို့အားကစားကွင်းရှိ အားကစားဆောင်၌ ဇန်နဝါရီ ၂၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အဆောက်အအုံအစိတ်အပိုင်း အများအပြား ပျက်စီးသွားသည်။
* **ပီရူးနိုင်ငံတောင်ပိုင်း ပူနိုပြည်နယ် ဆီနာခရိုင်တွင် ဇန်နဝါရီ ၂၂ ရက်က ဘတ်စ်ကားတစ်စီး လမ်းဘေးလျှိုမြောင်တစ်ခုအတွင်း ထိုးကျသွား၍ ၁၅ဦး ပွဲချင်းပြီးသေဆုံးပြီး ၂၀ဒဏ်ရာရရှိခဲ့သည်။**
* အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မြောက်ဘက် မိုင် ၁၂၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဇန်နဝါရီ ၂၂ ရက်က မြေပြိုမှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးပြီး နေအိမ်ငါးလုံး ပျက်စီးခဲ့သည်။
* **နယူးဇီလန်နိုင်ငံတောင်ပိုင်း ခါတူဂီတောင်ပေါ်သို့ တက်ရောက်ရန် ကြိုးစားနေသော တောင်တက်အဖွဲ့တစ်ဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်က တောင်ထိပ်မှ ဆီးနှင်းခဲများပြိုကျခဲ့သဖြင့် လေးဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးလျက်ရှိသည်။**
* ဂျာမနီနိုင်ငံ ကိုလုံးမြို့တွင် ဇန်နဝါရီ ၂၂ ရက်က အပူချိန်ရေခဲမှတ်အထိ ကျဆင်းကာ အအေးလွန်ကဲခဲ့သဖြင့် ငါးဦးသေဆုံးခဲ့သည်။
* **အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းအရှေ့ဘက် အပန်းဖြေစခန်းတစ်ခု၌ ဇန်နဝါရီ ၂၂ရက်က အပျော်စီးစက်လှေတစ်စင်းနစ်မြုပ်ခဲ့ရာ သုံးဦးသေဆုံးခဲ့သည်။**
* ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ဇန်နဝါရီ ၂၂ ရက်က ဆီးနှင်းများထူထပ်စွာကျဆင်းခဲ့မှုကြောင့် လေယာဉ်ခရီးစဉ် အများအပြား ရွှေ့ဆိုင်းခဲ့ရသဖြင့် ခရီးသည်ထောင်ပေါင်းများစွာ လေဆိပ်၌ သောင်တင်ခဲ့သည်။

ကြွပ်ကြွပ်အိတ်နှင့် ကျန်းမာရေး

သတင်းအက်ဆေး

ကိုအာကာ ရေးသည်

ပလတ်စတစ်ကို ဓာတုပစ္စည်းများ ပေါင်းစပ်ပြီး ထုတ်လုပ်ထားသော ကြွပ်ကြွပ်အိတ်များသုံးစွဲမှု ကမ္ဘာ့နိုင်ငံများ၌ ရေပန်းစားအသုံးများကြသည်။ သုတေသနပညာရှင်များ၏ မှတ်တမ်းအရကြွပ်ကြွပ်အိတ်သုံးစွဲမှုကို ဥရောပ၌ ၁၉၆၀ပြည့်နှစ်ကုန်ပိုင်းနှင့် ၁၉၇၀ပြည့်နှစ် အစောပိုင်းကာလများအတွင်း တွင်ကျယ်စွာ အသုံးပြုခဲ့ကြသည်ဟုဆိုသည်။

၁၉၆၀ပြည့် နှစ်ကုန်ကာလများက စတင်အသုံးပြုခဲ့သော ပလတ်စတစ်အိတ်များသည် ၁၉၇၀ပြည့်နှစ် အစောပိုင်းကာလများ၌ အလွန်ပါးလွှာသော ကြွပ်ကြွပ်အိတ်များအဖြစ် ပြောင်းလဲထုတ်လုပ်ကာ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲခဲ့ကြသည်။

တားဆီးရေးတောင်းဆို

နှစ်ပေါင်း ၃၀ကျော်ကာလအတွင်း တစ်ကမ္ဘာလုံးအသုံးပြုမှုများလာသော ကြွပ်ကြွပ်အိတ်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည်အထိ ရိုက်ခတ်လာသည့်အခါ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများက အသုံးပြုတားဆီးရေးအတွက် တောင်းဆိုလာခဲ့ကြသည်။

ကြွပ်ကြွပ်အိတ်သည် ပလတ်စတစ်ဖိုင်ဘာအမျှင်များကို အလွန်ပါးသည်အထိရရှိအောင် ဓာတုပစ္စည်းများဖြင့် ပြုပြင်ထုတ်လုပ်ထားသည်ဖြစ်ရာ အလွန်ပူသည့်ရေနွေးကြမ်း၊ လက်ဖက်ရည်၊ ကော်ဖီနှင့် အခြားအစားအစာများ ထည့်သွင်းအသုံးပြုသည့်အခါ အပူရှိန်ကြောင့် ကြွပ်ကြွပ်အိတ်တွင်ရှိသော ဓာတုပစ္စည်းများထွက်ရှိကာ အစားအသောက်များနှင့် ရောနှောခဲ့သဖြင့် လူတို့၌ ကင်ဆာကဲ့သို့သော ရောဂါဆိုးများ ဖြစ်ပွားနိုင်ကြောင်း သုတေသန ပညာရှင်များက ထောက်ပြသတိပေးထားသည်။

ဖြစ်ပွားနိုင်

ထို့အပြင် ကြွပ်ကြွပ်အိတ်ဖြင့် အစားအသောက်များ ထည့်သွင်းယူဆောင်စားသုံးခြင်းသည် နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ရောဂါများဖြစ်ပွားခြင်းအပြင် သွေးတိုးရောဂါများလည်းဖြစ်ပွားနိုင်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ထို့အတူ အသုံးပြုပြီး ကြွပ်ကြွပ်အိတ်များသည် ပျက်စီးမှုမလွယ်ကူသည့်အတွက် သိမ်းဆည်းရာ၌ ပြဿနာအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ပင်လယ်အတွင်း စွန့်ပစ်လျှင် ကြွပ်ကြွပ်အိတ်မှထွက်ရှိသော ဓာတုအဆိပ်များကြောင့် ပင်လယ်သတ္တဝါများ သေဆုံးကြရသည်။ ပင်လယ်ရေညစ်ညမ်းမှု ဖြစ်ပွားသည့်အပြင် ပင်လယ်ကူးသင်္ဘောများ ခုတ်မောင်းသွားလာရေးတွင် အဟန့်အတားတစ်ခုကဲ့သို့ ဖြစ်လျက်ရှိသည်။

ပိတ်ပင်လာ

ထို့ကြောင့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုသည် လူတို့၏ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဆိုးရွားသော အကျိုးသက်ရောက်မှုရှိလာသည့်အတွက် ကမ္ဘာ့နိုင်ငံအများအပြား၌ ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို တားဆီးပိတ်ပင်မှုများ ပြုလုပ်လျက်ရှိနေပြီဖြစ်သည်။

တားဆီး

အာဖရိကနိုင်ငံအချို့ဖြစ်သော နိုင်ဂျီးရီးယား၊ ကင်ညာနှင့် တောင်အာဖရိကနိုင်ငံတို့တွင် ကြွပ်ကြွပ်အိတ်များကို စတိုးဆိုင်ကြီးများ၊ ကုန်ပဒေသာအရောင်းဆိုင်ကြီးများ၌ သုံးစွဲခြင်းမပြုရန် ပိတ်ပင်ထားပြီးဖြစ်သည်။ ထို့အတူ ဥရောပနှင့် အာရှနိုင်ငံအချို့တို့တွင်လည်း ကြွပ်ကြွပ်အိတ်သုံးစွဲမှုများကို ပိတ်ပင်တားဆီးမှုများ ပြုလုပ်လာလျက်ရှိနေပြီ ဖြစ်သည်။

ထို့ကြောင့် လူတို့၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေသည့် ကြွပ်ကြွပ်အိတ်သုံးစွဲမှုကို သတိပြုသင့်ပြီဖြစ်ကြောင်း သုတေသန ပညာရှင်များက အကြံပြုထားသည်။ ။

(ကိုးကား-အင်တာနက်)

သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ဖြစ်စေသော်လည်း ပလတ်စတစ် သုံးစွဲမှုနှင့် လွတ်ကင်းမှု မရှိသေးသည်ကို ဤသို့တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

ဘာဝဒသနအမြင်

၁။ **Union gives strength.**
စည်းလုံးခြင်းသည် အင်အား။

အီစွပ်ပုံပြင်

၂။ ***Hope is a waking dream.***
မျှော်လင့်ချက်ဆိုတာ နိုးနေတုန်းမက်တဲ့ အိပ်မက်လိုပါပဲ။

အရစ္စတိုတယ်လ်
(အတွေးအခေါ်ပညာရှင်)

သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ(ထားမလုံ)၌ တည်ထားသော အောင်မြေဗောဓိစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ(ထားမလုံ)၌ တည်ထားသော အောင်မြေဗောဓိစေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုကြပြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ လှူဒါန်းသော စိန်ဖူးတော်ကို ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ဆရာတော်ထံ ကိုယ်စား ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အဆိုတော် ဒေါ်တင်တင်မြက ထူးမခြားနားရောင်ခြည်တော်ဘွဲ့ဖြင့် သီဆိုပူဇော်သည်။

သီလခံယူ ဆောက်တည်

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကင်း မဟာဓမ္မိကာရာမ ကျိုက်ပိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အမှူးပြုသော ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဥပသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ပက်ဖျန်း

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်နှင့် ပရိတ်သဲတို့ကိုသယ်ဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့လှူဒါန်းသော စိန်ဖူးတော်ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က ကိုယ်စား ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ရွှေထီးတော်ဘုံဆင့်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဆိုတော် ဒေါ်ရီရီသန့်က စေတိယပူဇာမင်္ဂလာရတုတေးထပ်ဖြင့် သီဆိုပူဇော်ပြီး စေတီတော်မြတ်ကြီး၏ အင်ဂျင်နီယာအဖွဲ့ခေါင်းဆောင်က စေတီတော်မြတ်ကြီးအား ဘုရားဒါယကာ၊ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

အမျှပေးဝေ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်တို့နှင့် အလှူရှင်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အောင်မြေဗောဓိစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကာ မင်္ဂလာရထားပျံဖြင့်ပင့်ဆောင်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ရန်ကုန်တိုင်း သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာ(ထားမလုံ)၌ တည်ထားသော အောင်မြေဗောဓိစေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

တင်လှူ

ယင်းနောက် မင်္ဂလာအချိန် နံနက် ၉ နာရီ ၁၈ မိနစ်တွင် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများက စေတီတော်မြတ်ကြီးအထက်သို့ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အောင်မြေဗောဓိစေတီတော် မြတ်ကြီး၏ စိန်ဖူးတော်ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်သည်။

ထို့နောက် တာဝန်ရှိသူများနှင့် ဥပါသကာအဖွဲ့ဝင်များက အရံစေတီများ အား ရွှေထီးတော်များကို တင်လှူပူဇော်ကြပြီး မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အနေကဇာတင်

ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနားအပြီးတွင် စေတီတော်မြတ်ကြီး ဂန္ဓကုဋိတိုက်၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား အောင်မြေဗောဓိစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ **(သတင်းစဉ်)**

ဗုဒ္ဓရုပ်ပွားတော်ရှစ်ဆူအား ဗုဒ္ဓါဘိသေကအနေကဇာတင်

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော် လယ်ဝေး သစ္စာမာန်အောင် သက်ပေါင်းချမ်းသာရစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ရှစ်ဆူတို့အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကို ယနေ့ နံနက် ၆ နာရီက အဆိုပါစေတီတော်မြတ်ကြီး ရင်ပြင်၌ကျင်းပရာ ရှေးဦးစွာ နေပြည်တော် ပျဉ်းမနားကျောင်း ဆရာတော်နှင့် နေပြည်တော် လယ်ဝေး ရွှေအုန်းပင်ကျောင်း ဆရာတော်တို့ အမှူးပြုသော ဆရာတော် သံဃာတော်များအား အလှူရှင်များနှင့် စေတနာရှင်ပြည်သူများက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နေပြည်တော် ပျဉ်းမနားကျောင်း ဆရာတော်ထံမှ အလှူရှင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက ဗုဒ္ဓရုပ်ပွားဆင်းတုတော် ရှစ်ဆူတို့အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာပီဂျီအေနှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဟံသာဝတီဂေါက်ကွင်း၌ကျင်းပမည်

Myanmar PGA
&
Myanmar Golf Federation
President Cup
2008

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၈ ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၂ ရက်အထိ ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ Professional Golfers အဆင့်ပြိုင်ပွဲ အမျိုးသား အပျော်တမ်းအဆင့် (အကျောပေး ၀ မှ ၁၂)ပြိုင်ပွဲနှင့် အမျိုးသမီး အပျော်တမ်း(အကျောပေး ၀ မှ ၁၈)ပြိုင်ပွဲဟူ၍ ခွဲခြားကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဖုန်း-၆၅၁၃၇၄၊ ၀၉-၉၉-၇၂၅၅၄ နှင့် ၀၅၂-၂၂၂၅၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အနုပညာနှလုံးအိမ် အခြေခံရုပ်ရှင်သင်တန်း အခမဲ့လေ့ကျင့်သင်ကြားဆုလျှောက်ထားနိုင်

ရန်ကုန် ဇန်နဝါရီ ၂၂

ငါးထပ်ဆင့်အကယ်ဒမီ မောင်တင်ဦး စုစည်းဖန်တီးတာဝန်ယူဖွင့်လှစ်သည့် အနုပညာနှလုံးအိမ် အခြေခံရုပ်ရှင်သင်တန်းကို အပတ်စဉ်(၁) အင်္ဂါပတ် သင်တန်းအဖြစ် ဇန်နဝါရီ ၁၀ ရက်မှစတင်၍ သင်တန်းခန်းမတည်ရှိရာ အမှတ် ၂ မိုးကောင်းလမ်း ဘောက်ထော် ရန်ကင်းမြို့နယ်၌ သင်ကြားပို့ချလျက်ရှိရာ အပတ်စဉ်(၁) တနင်္လာပတ် သင်တန်းကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖွင့်လှစ်မည် ဖြစ်သည်။ အဆိုပါသင်တန်းတွင် ရွှေပုပ္ပားဦးအုံးခိုင်က မိဘမဲ့ လူငယ်မောင်မယ် ငါးဦးကို သင်တန်းကြေးမယူဘဲ လေ့ကျင့် ပြုစုပျိုးထောင်သင်ကြားပေးရန် စီစဉ်ထားသည်။

ဦးစားပေး

တက်ရောက်သင်ကြားလိုသူများသည် အဌမတန်းအထိ ပညာသင်ကြားခဲ့ပြီး မိဘမဲ့ဖြစ်ခြင်း၊ သင်တန်းတက်ရောက်ရန် ရုပ်ရည်၊ အရုပ်အမောင်း အဆင့်အတန်းမီခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်းတို့နှင့် ပြည့်စုံရမည်ဖြစ်သည်။ မိဘမဲ့ကျောင်းများမှ လူငယ်မောင်မယ်များကို ဦးစားပေးမည်ဖြစ်ပြီး ရန်ကုန်မြို့ ပတ်ဝန်းကျင်တွင် နေထိုင်သူလည်းဖြစ်ရမည် ဖြစ်သည်။ အထက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံသော လူငယ်မောင်မယ်များသည် ရွှေပုပ္ပား ဦးအုံးခိုင် အမှတ် ၂ မိုးကောင်းလမ်း ရန်ကင်းမြို့နယ်သို့ ဖေဖော်ဝါရီ ၁၀ ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်တွေ့ဆုံ လျှောက်ထားတင်ပြနိုင်ကြောင်း သိရသည်။

(က-ပ)

ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆန်းစစ်ဆွေးနွေးခြင်းနှင့်ရှေ့လုပ်ငန်းစဉ်များချမှတ်

နေပြည်တော် ဇန်နဝါရီ ၂၂

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၈ ခုနှစ် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆန်းစစ်ဆွေးနွေးခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း အစည်းအဝေးကို နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေးအဆောက်အအုံတွင် ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံရွှေဝင်းနှင့် တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးမှ ဌာနေကိုယ်စားလှယ် Prof. Adik Wibowo, Dr.Nihal Singh၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံးမှ Ms.Karen Hymbaugh နှင့် Dr. Nalini Ramamurty၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကူးစက်ရောဂါ ဆရာဝန်ကြီးများ၊ အထူးကုရောဂါနှိမ်နင်းရေးအဖွဲ့ ခေါင်းဆောင်များနှင့် ဒေသဆိုင်ရာ ပိုလီယိုတိုက်ဖျက်ရေး အရာရှိများ တက်ရောက်ကြသည်။

ဆွေးနွေး

အဆိုပါ အစည်းအဝေးပွဲတွင် ပိုလီယိုရောဂါအပါအဝင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများ၊ အခြားကူးစက်မြန်ရောဂါများနှင့် အသစ်ဖြစ်ထွန်းလာသော ရောဂါများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုခြင်း၊ ကုသထိန်းချုပ်ခြင်းလုပ်ငန်းများကို ပြန်လည် သုံးသပ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံရွှေဝင်းနှင့် Prof. Adik Wibowo တို့က ဆွေးနွေးကြပြီး ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာမှုနှင့်အတူ နိုင်ငံနှင့်လူမျိုးလည်း တိုးတက်ကြီးပွားရမည်ဆိုသည့် ဦးတည်ချက်များဖြင့် ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီက မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (ယာပုံ)

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယ တရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ မန္တလေးတိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားသင်တန်းသူ အထက်မြန်မာပြည်မှ အခြေခံပညာ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ပုံဖော်တည်ဆောက်

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကား ပြောကြားရာ၌ ယနေ့အချိန်အခါတွင် ပညာရေးကို မဏ္ဍိုင်ပြုပြီး မျက်မှောက်ကာလ မျိုးဆက်သစ်လူငယ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းအားဖြင့်သာ နိုင်ငံ၏အနာဂတ်ကို အမျိုးသားရေး လိုအပ်ချက်နှင့်အညီ ပုံဖော် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

အခြေခံပညာ ဆရာ ဆရာမများသည် လူငယ်များကို ငယ်ရွယ်စဉ်ကပင် စတင်ပြုစုပျိုးထောင်ပေးနေသူများ ဖြစ်သည့်အတွက် ယနေ့ တိုးတက်ဖြစ်ထွန်းနေသော ပညာရေးအခြေခံကောင်းများ၏အားကိုယူပြီး ကျောင်းသူကျောင်းသား လူငယ်များ၏ ပင်ကိုအရည်အသွေးနှင့် ဝါသနာဗီဇတို့ကို ဖော်ထုတ်မြှင့်တင်ပေးရင်း လူငယ်များ၏ အရည်အသွေးကို နိုင်ငံ့လိုအပ်ချက်နှင့်အညီ တိုးတက်ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

ပြုစုပျိုးထောင်

စာပေပညာ သင်ကြားပေးရုံသာမကဘဲ ကျွမ်းကျင်မှု တိုးတက်စေရန် စာရိတ္တနှင့် စိတ်ဓာတ်ရေးရာ မြင့်မားခိုင်ကျည်စေရန်၊ ရပ်တည်ချက်သဘောထားကို မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် ဖြစ်ထွန်းတိုးတက်လာစေရန်၊ မိမိကိုယ် မိမိ ယုံကြည်တန်ဖိုးထားမှုကတစ်ဆင့် မိမိပါဝင်သော လူ့ဘောင်အဖွဲ့အစည်း၊ မိမိနိုင်ငံအပေါ် လေးစားမြတ်နိုး တန်ဖိုးထားမြှင့်တင်ပေးလိုစိတ်ဖြစ်ထွန်းလာစေရန် စသည့် အရည်အသွေး၊ စိတ်ဓာတ်နှင့် အလေ့အကျင့်ဓလေ့စရိုက်များပါ အပြည့်သဘောတိုးတက်ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း။

ကျောင်းသူ ကျောင်းသား တပည့်များ၏ ပညာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေး၊ တစ်ဦးချင်း၏ ဘဝ တိုးတက်ကြီးပွားစေရေးတို့အပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်နေသည့် ပညာရေးအခြေခံကောင်းများ တစ်ဆက်တစ်စပ်တည်း အကောင်အထည်ပေါ်ဖြစ်ထွန်းလာရေးအတွက် ဆရာ ဆရာမများက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

သွန်သင်ဆုံးမ

ထို့ကြောင့် မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသား လူငယ်များကို သူ့ဘဝသူ ပျိုးထောင်နိုင်စေရန်သာမက နိုင်ငံကို အလုပ်အကျွေးပြုနိုင်သည့် အရည်အသွေးနှင့် စိတ်ဓာတ်ပါ ပြည့်ဝစေရအောင် ဦးတည်ချက်ထားပြီး သွန်သင်ဆုံးမ သင်ကြားပေးကြပါဟု မှာကြားလိုကြောင်း။

တပည့်လူငယ်များကို မှန်ကန်စွာ သင်ကြားပြသနိုင်ရန်၊ ဖွံ့ဖြိုးတိုးတက်အောင် လမ်းမှန်ညွှန်ပြ ဖေးမပေးနိုင်ရန်၊ လိမ္မာယဉ်ကျေးပြီး စာရိတ္တမြင့်မားအောင် သွန်သင်ဆုံးမရင်း စံပြအဖြစ် နေထိုင်ပြနိုင်ရန် အမြဲမပြတ် အားထုတ်ကြိုးပမ်းနေကြပါဟုလည်း တစ်ဆက်တည်း မှာကြားလိုကြောင်း။

တောက်ပြောင်ထက်မြက်

ယင်းသို့ ဆရာနှင့်တပည့်တစ်သားတည်းဖြစ်ပြီး စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေသည်နှင့်အမျှ တစ်ပြန်တစ်လှည့်အားဖြင့် ဆရာ့အရည်အသွေး၊ ဆရာ့ဂုဏ်ပုဒ်တို့သည်လည်း အစဉ်အမြဲတောက်ပြောင်ထက်မြက် မြင့်မားနေမှာ အမှန်ပင်ဖြစ်ကြောင်း။

ဆရာ့အရည်အသွေး ပြည့်ဝထက်မြက်သည်နှင့်အမျှ ထူးချွန်ထက်မြက်သည့် တပည့်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေမည်ဖြစ်သကဲ့သို့ ဆရာ့စိတ်ဓာတ် ထက်သန်မြင့်မားမှုလည်း မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်သော တပည့်များ တိုးပွားပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယင်းအတွက် ဆရာ ဆရာမများကိုယ်တိုင်က စိတ်ဓာတ်ရေးရာ မြင့်မြင့်မားမားထားရှိပြီး ပညာရပ်ဆိုင်ရာတွင် အမြဲမပြတ် သင်ယူလေ့လာနေရန် လိုအပ်မည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မိန့်မှာလမ်းညွှန်ထားသည့် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်း လမ်းညွှန်များတွင် ဆရာများ၏ သင်ကြားမှုအရည်အသွေး တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရေးကို ပထမဆုံး လိုအပ်ချက်အနေဖြင့် ထည့်သွင်းလမ်းညွှန်ထားသည်ကို အမြဲမပြတ် နှလုံးသွင်းပြီး မိမိတို့၏ သင်ကြားမှုအရည်အသွေး တိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဆရာ ဆရာမများ၏ အရည်အသွေးမြင့်မားမှု ပညာရေးလောက တိုးတက်မြင့်မားပြီး နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာမှုနှင့်အတူ နိုင်ငံနှင့် လူမျိုးလည်း တိုးတက်ကြီးပွားနိုင်မည် ဖြစ်သည်ဆိုသည့် ဦးတည်ချက်ဖြင့် မိမိတို့၏ ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များကို ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းအသီးသီးတို့မှ သင်တန်းသား ဆရာ ၂၁၅ ဦးနှင့် သင်တန်းသူ ဆရာမ ၁၀၈၇ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၃၀၂ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

ဝါးတစ်ရာပရိဘောဂစက်ရုံများ အခြေခံမီးသတ်သင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၂၂

မြန်မာ့သစ်လုပ်ငန်းလက်အောက်ရှိ ရွှေပြည်သာမြို့နယ် ပရိဘောဂစက်ရုံ အမှတ်(၆၊ ၇၊ ၈၊ ၉)မှ အခြေခံမီးသတ် သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အမှတ်(၇) ပရိဘောဂ စက်ရုံဝင်း အတွင်း၌ ကျင်းပရာ အမှတ် (၆/၉)မှ မန်နေဂျာဦးဘလင်း **(အောက်ပုံ)**က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက မီးငြိမ်းသတ်ခြင်းအကြောင်းကိုရှင်းလင်းပြောကြားသည်။ သင်တန်းတွင် စက်ရုံ မန်နေဂျာများနှင့် အင်ဂျင်နီယာများ၊ ဝန်ထမ်း သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်သည်။ **(က-ပ)**

မြန်မာပြည်တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် မြန်မာပြည် တံခွန်စိုက်တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား အလွတ်တန်း၊ အမျိုးသမီး အလွတ်တန်း၊ အမျိုးသား(၃၅)နှစ်နှင့်အထက်၊ အမျိုးသား(၄၅)နှစ်နှင့်အထက်၊ အမျိုးသား(၅၅)နှစ်နှင့်အထက်၊ အမျိုးသား အသက်(၆၀)နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

စာရင်းပေးသွင်း

ပြိုင်ပွဲဝင်အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း- ၀၁-၃၇၂၃၆၀သို့ ဇန်နဝါရီ ၂၅ရက် မွန်းတည့်၁၂နာရီနောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အော်စကာဆု ရေပန်းစားနေသူများ

လော့စ်အိန်ဂျလိစ် ဇန်နဝါရီ ၂၂

အကြိမ်(၈၀)မြောက် အော်စကာရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့ ကိုဒတ်ကဇာတ်ရုံကြီး၌ ကျင်းပမည်ဖြစ်ရာ No Country for Old Men ဇာတ်ကားနှင့် There Will Be Blood ဇာတ်ကားတို့သည် အကောင်းဆုံး ဇာတ်ကားဆုရရှိရန် ရေပန်းစားနေသည်။

ယင်းရေပန်းစားနေသော ဇာတ်ကားများတွင် ဗြိတိသျှရုပ်ရှင်ဇာတ်ကား ဖြစ်သည့် Atonement ဇာတ်ကားလည်း ပါဝင်သည်။

အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုအတွက် There Will Be Blood ဇာတ်ကားမှ ရုပ်ရှင် သရုပ်ဆောင် ဒါနီရယ်ဒေးလူးဝစ်သည် ဆုရရှိရန် ထိပ်ဆုံးမှပြေးနေသည်။

အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆု ဆွတ်ခူးရန် ရေပန်းစားနေသော ကိတ်ဘရန့်ချက်။

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု

အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုအတွက် ရေပန်းအစားဆုံးမှာ The Golden Age ဇာတ်ကားတွင် သရုပ်ဆောင်မင်းသမီးဖြစ်သည့် ကိတ်ဘရန့်ချက် ဖြစ်သည်။ ၎င်းသည် ယင်းဇာတ်ကား၌ အဲလိဇဘတ်ဘုရင်မကြီးအဖြစ် ပီပြင်စွာသရုပ်ဆောင်ထားသည်။

ရေပန်းစား

ကိတ်ဘရန့်ချက်သည် I'm Not There ဇာတ်ကားဖြင့်လည်း အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆု ဆွတ်ခူးရန် ရေပန်းစားနေသူဖြစ်သည်။

အမေရိကန်ဒေါ်လာတန်ဖိုး အနည်းငယ်တက်

ဝါရှင်တန် ဇန်နဝါရီ ၂၂

အမေရိကန်ဒေါ်လာတန်ဖိုးသည် ယူရိုငွေကြေးနှင့် နှိုင်းယှဉ်ရာတွင် အနည်းငယ်တက်လာသည်။

ဇန်နဝါရီ ၁၈ရက်က တစ်ယူရိုလျှင် အမေရိကန်ဒေါ်လာ ၀ ဒသမ ၆၈၄၂ ရှိခဲ့ရာမှ ဇန်နဝါရီ ၂၁ ရက်တွင် ၀ ဒသမ ၆၉၂၅ ရှိလာသည်။

■ *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် အဖွဲ့ဝင်များသည် မိုင်းပန်မြို့နယ်ရှိ ဌာနဆိုင်ရာများတွေ့ဆုံပွဲသို့ တက်ရောက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းပန်မြို့နယ်အတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက မီးသတ်ဝတ်စုံနှင့် ကြက်ခြေနီဝတ်စုံများကိုလည်းကောင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးက ဗီဒီယိုပြစက်တစ်လုံးကိုလည်းကောင်း၊ ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက သုတ၊ ရသစာအုပ်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

တိုးချဲ့ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာတတ် လူတန်းစား၊ လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လာသောကြောင့် နိုင်ငံတော်အနေဖြင့် ပြည်နယ်ဒေသအသီးသီးတွင် ကျောင်းများ၊ တက္ကသိုလ်များကို ငွေကုန်ကြေးကျခံကာ တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

နိုင်ငံတော်၊ မိမိတို့ဒေသ၊ ပြည်နယ်၊ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြမှသာလျှင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အလျင်အမြန်ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းသည့် အခြေအနေများကို ရေရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၉ ရက်က မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ မြန်မာဆေးဝါးအင်တာနေရှင်နယ်လီမိတက် အထည်ချုပ်စက်ရုံတွင် မီးဘေးကာကွယ်ရေးအတွက် စက်ရုံမှ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးခင်မောင်လတ်(ငြိမ်း)နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်တို့ ဦးဆောင်၍ အရေးပေါ်မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ကြစဉ်။ (၁၁၀)

ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ ကမ္ဘာ့အားကစားနောက်ဆုံးသတင်းများ

အာဖရိကနိုင်ငံများဖလားပွဲစတင် အိုင်ဗရီကို့စ် နိုင်ဂျီးရီးယားကိုအနိုင်ရ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

ဂါနာ ဇန်နဝါရီ ၂၂

(၂၆)ကြိမ်မြောက် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ဂါနာနိုင်ငံ၌ ယှဉ်ပြိုင်ကစားလျက်ရှိရာ အဖွင့်ပွဲစဉ်တွင် အိုင်ဗရီကို့စ် အသင်းက နိုင်ဂျီးရီးယား အသင်းအား တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိလိုက်သည်။

အိုင်ဗရီကို့စ် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးမှာ ပွဲချိန် ၆၆မိနစ်တွင် ချယ်လ်ဆီး ကစားသမား ကာလူးက နိုင်ဂျီးရီးယား နောက်တန်း ကစားသမားသုံးဦးကို လိမ်ခေါက်ပြီး ၁၅ကိုက်အကွာမှ သွင်းယူသွားခြင်းဖြစ်သည်။

နစ်နာခဲ့ရ

နိုင်ဂျီးရီးယားအသင်းခေါင်းဆောင် ကနူးသည် ပွဲစလျှင်စချင်းအိုင်ဗရီကို့စ် နောက်တန်းကို ထိုးဖောက်ကစားပြီး အဝေးမှ အမှတ်မထင် သွင်းယူသော ဘောလုံးမှာ ဂိုးတန်းကို ကျော်သွားသဖြင့် နိုင်ဂျီးရီးယားတို့ တစ်ဂိုးနစ်နာခဲ့ရသည်။

ယင်းပြိုင်ပွဲတွင် အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာသည်လည်း အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သည်။ ဒရော့ဘာသည် နိုင်ဂျီးရီးယားနောက်တန်းလူများကို ထိုးဖောက်လျက်ကာလူး ဂိုးသွင်းနိုင်ရန် အခါကပ့်ပိုးပေးနိုင်ခဲ့သည်။ ။

အခြားပွဲရလဒ်များ

နမီးဘီးယား	၁ – ၅	**မော်ရိုကို**
မာလီ	၁ – ဝ	**ဘီနင်**
ဂါနာ	၂ – ၁	**ဂီနီ**

(အင်တာနက်)

အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာ၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။
(အင်တာနက်ဓာတ်ပုံ)

လီဗာပူးအသင်းနည်းပြအပေါ် ဝေဖန်နေမှု ကစားသမားများထိခိုက်နစ်နာဟု ဂျရတ်တုံ့ပြန်

လန်ဒန် ဇန်နဝါရီ ၂၂

လီဗာပူးအသင်းပိုင်ရှင်များနှင့်နည်းပြရာဖေးလ်ဘင်နီတက်ဇ်၏ အနာဂတ်နှင့်ပတ်သက်ပြီး ထင်ကြေးပေး ဝေဖန်ပြောဆိုနေခြင်းအတွက် ကစားသမားများကို ထိခိုက်နစ်နာစေကြောင်း အသင်းခေါင်းဆောင်စတီဗင်ဂျရတ်က ပြောကြားလိုက်သည်။

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်။
(အင်တာနက်ဓာတ်ပုံ)

လီဗာပူးအသင်းသည် အက်စ်တွန်ဗီလာအသင်းနှင့် အိမ်ကွင်းကစားသည့် ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေကျခဲ့ပြီးနောက် အမှတ်ပေးဇယား နံပါတ် (၅) နေရာသို့ ဆင်းသွားသည်။

ယင်းပြိုင်ပွဲ၌ လီဗာပူးတို့သရေကျခဲ့သဖြင့် အမှတ်ပေးဇယားထိပ်ဆုံးရောက် မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်အသင်းတို့နှင့် ရမှတ် ၁၄မှတ် ကွာဟသွားသည်။

ပြောကြား

လီဗာပူးအသင်းပိုင်ရှင်တွန်ဟစ်က နည်းပြဘင်နီတက်ဇ်နေရာတွင် အစားထိုးရန် ကလင်းစမန်းနှင့် နိုဝင်ဘာလက ဆွေးနွေးခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော်လည်း ယင်းဆွေးနွေးမှုမှာ ကလင်းစမန်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် လာမည့်နှစ်တွင် နည်းပြလုပ်ရန် စာမချုပ်မီက ဖြစ်သည်။ **(အင်တာနက်)**

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ လက်ရှိချန်ပီယံဆီရီနာဝီလျံပြိုင်ပွဲမှထွက်ခဲ့ရ

မဲလ်ဘုန်း ဇန်နဝါရီ ၂၂

သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို မဲလ်ဘုန်းမြို့၌ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ လက်ရှိချန်ပီယံ ဆီရီနာဝီလျံသည် ဆားဘီးယား တင်းနစ်မယ် ဂျန်ကိုဗစ်ကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

အဆိုပါ သြစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲသည် ကြီးလေးကြီး တင်းနစ်ပြိုင်ပွဲတွင် တစ်ပွဲအပါအဝင် ဖြစ်သည်။ ပြိုင်ပွဲတွင် ကမ္ဘာ့ထိပ်တန်း တင်းနစ်ကစားသမားများ ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲကြီးဖြစ်သည်။

နာမည်ကြီးတင်းနစ်အားကစားမယ်များဖြစ်ကြသည့် ဘယ်လ်ဂျီယံ တင်းနစ်မယ် ဂျူစတင်ဟေနင်နှင့် ရုရှားတင်းနစ်မယ် ရှာရာပိုဗာတို့လည်း ပါဝင်သည်။ ယင်းတို့နှစ်ဦးသည် ပြိုင်ဘက်များကို နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ **(အင်တာနက်ဓာတ်ပုံ)**

အကြိုဗိုလ်လုပွဲတက်

ကမ္ဘာ့နံပါတ်(၃)အဆင့်ရှိဂျန်ကိုဗစ်သည် ဆီရီနာဝီလျံအား ၆–၃၊ ၆–၄ ဖြင့်အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။

အနိုင်ကစား

ပြိုင်ပွဲတွင် နှစ်ဦးစလုံးဒဏ်ရာရရှိထားကြသဖြင့် အကောင်းဆုံးမကစားနိုင်ခဲ့ကြပေ။ သို့သော်လည်း ဒုတိယပွဲစဉ်တွင် အနိုင်ရရှိရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ နောက်ဆုံးတွင် ဂျန်ကိုဗစ်က အနိုင်ကစားနိုင်ခဲ့သည်။

ရုရှားတင်းနစ်မယ် ရှာရာပိုဗာ၏ အားပါးတရရိုက်ဟန်။
(အင်တာနက်ဓာတ်ပုံ)

မန်စီးတီးသို့ရောက်ရှိလာမည့် ပိုဒေါစကီး

မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၂၂

ပရီမီယာလိဂ်ထိပ်ဆုံးလေးသင်းဝင်ဖို့ကြိုးစားနေတဲ့ မန်စီးတီးဟာ အခု ဇန်နဝါရီအပြောင်းအရွှေ့ကာလမှာ ဘွန်ဒက်စ်လီဂါကလပ်အသင်းဖြစ်တဲ့ ဘိုင်ယန်မြူးနစ်မှ တိုက်စစ်မှူး ပိုဒေါစကီးကို အငှားခေါ်ယူဖို့ အပြီးသတ်ကြိုးစားမှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။

မန်စီးတီးနည်းပြ အဲရစ်ဆင်ဟာ မန်စီးတီးကို ရလဒ်ကောင်းတွေ ရအောင် ကြိုးစားစွမ်းဆောင်နေတာမို့ တိုက်စစ်အားနည်းနေတဲ့အချက်ကို အမြန်ဆုံးပြင်ဆင်ဖို့ ဂျာမန်တိုက်စစ်မှူး ပိုဒေါစကီးကို အငှားစာချုပ်နဲ့ ခေါ်ယူဖို့ကြိုးစားနေတာ ဖြစ်ပါတယ်။

ပိုဒေါစကီးကို မန်စီးတီး အသင်းထံ အငှားချထားဖို့အတွက် ဘိုင်ယန်မြူးနစ်နည်းပြ အူလီဟိုးနက်စ်ကလည်း ခွင့်ပြုလိုက်တာကြောင့် အခုဆိုရင် ပိုဒေါစကီးဟာ မန်စီးတီးအသင်းကို ရောက်ရှိလာဖို့ နီးစပ်နေပြီဖြစ်ပါတယ်။

ရောက်ရှိ

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတုန်းက ဂျာမနီအသင်းရဲ့ ရှေ့တန်းတိုက်စစ်မှူးအဖြစ် လျှင်လျှင်မြန်မြန် တိုက်စစ်ဆင် ထိုးဖောက်ကစားခဲ့ပြီး ဂိုးတွေသွင်းယူနိုင်ခဲ့တဲ့ ပိုဒေါစကီးကို ကမ္ဘာ့ဘောလုံးပရိသတ်တွေ သတိထားမိခဲ့ကြပါတယ်။

အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ ဂျာမနီ လက်ရွေးစင်တိုက်စစ်မှူးအဖြစ် ခွန်အားသုံး ထိုးဖောက်ကစားတတ်တဲ့ ပိုဒေါစကီးဟာ မန်စီးတီးကိုရောက်ခဲ့ရင်တော့ ဂျာမန်တိုက်စစ်မှူး ဘောလုံးသမားတွေထဲမှာ ဒီနှစ်ပရီမီယာလိဂ်ကို ပထမဆုံးရောက်ရှိခဲ့တဲ့ လူတစ်ဦးဖြစ်လာမှာပါ။

ဘိုင်ယန်မြူးနစ်ကလပ်မှာ ပထမဦးစားပေးပွဲထွက်ကစားသမားအဖြစ် နေရာမရဖြစ်နေတဲ့ ပိုဒေါစကီးဟာ ဂိုးတွေမသွင်းပြနိုင်လို့ နည်းပြအူလီဟိုးနက်စ်က ထည့်သွင်းအသုံးမပြုတာကြာပြီ ဖြစ်ပါတယ်။

ပိုဒေါစကီးကိုတော့ မန်စီးတီးကို ရောင်းမှာမဟုတ်ဘူးလို့ ဘိုင်ယန်မြူးနစ်ကလပ်က ပြောကြားလိုက်ပြီး လာမယ့် ဘောလုံးရာသီမှာတော့ အသင်းကိုပြန်ခေါ်မယ်လို့ဆိုပါတယ်။ ဘိုင်ယန်မြူးနစ်မှာ ထိပ်တန်း တိုက်စစ်မှူးတွေလိုအပ်နေတာမို့ ပုံမှန်ခြေစွမ်းပြနိုင်တဲ့ တိုက်စစ်မှူးအဖြစ် အတွေ့အကြုံကောင်းတွေရရှိအောင် အခုလိုအငှားချထားဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်တယ်လို့ ဘိုင်ယန်မြူးနစ်ကလပ်က သတင်းထုတ်ပြန်ခဲ့ပါတယ်။

ပိုဒေါစကီးဟာ ၁၉၈၅ ခုနှစ် ဇန်နဝါရီ ၄ရက်မှာ မွေးဖွားသူမို့ အခုမှ အသက် ၂၃နှစ်ပဲရှိသေးတဲ့ လူငယ်တိုက်စစ်မှူးဖြစ်ပါတယ်။ အသက် ၁၉နှစ်မှာ ဂျာမနီဘောလုံးအသင်းတိုက်စစ်မှူးဖြစ်ခဲ့ပြီး ၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဂျာမနီအသင်းအတွက်ထူးထူးခြားခြားခြေစွမ်းပြကစားပေးနိုင်ခဲ့တဲ့ လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။

သွင်းယူ

ဘိုင်ယန်မြူးနစ်အသင်းမှာ ၂၀၀၆ ခုနှစ်က စုစုပေါင်း ၁၆ပွဲ ကစားပေးခဲ့ပြီး ငါးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။၂၀၀၇–၂၀၀၈ ဘောလုံးရာသီမှာတော့ ဘိုင်ယန်မြူးနစ်အတွက် နှစ်ပွဲသာ ကစားပေးနိုင်ခဲ့ပြီး ဒဏ်ရာတွေနဲ့ လုံးထွေးနေခဲ့ရတာမို့ ပုံမှန်ကစားခွင့်လည်းမရပါဘူး။

ပိုဒေါစကီးဟာ ပွဲတိုင်းပါဝင်ကစားလိုတဲ့ဆန္ဒပြင်းပြနေတာမို့ဘိုင်ယန်မြူးနစ်မှာ ပုံမှန်ပွဲထွက်ခွင့်မရတဲ့အပေါ် စိတ်မချမ်းမသာ ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။

ဘိုင်ယန်မြူးနစ်ကနေပြီး အသင်းပြောင်းရွှေ့ဖို့အထိ စီစဉ်ခဲ့ပေမယ့် နည်းပြ အူလီဟိုးနက်စ်က ခွင့်မပြုခဲ့တာကြောင့် အခုလို မန်စီးတီးအသင်းကို အငှားစာချုပ်ဖြင့်ပြောင်းရွှေ့ကစားဖို့ အစီအစဉ်ဖြစ်ပေါ်လာတာပါပဲ။

မန်စီးတီးနည်းပြ အဲရစ်ဟာ အင်္ဂလန်အသင်း နည်းပြအဖြစ်နဲ့ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဆင်နွှဲခဲ့စဉ်ကတည်းက ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီးကို သဘောကျခဲ့တယ်လို့ ဆိုပါတယ်။

ဘိုင်ယန်မြူးနစ် တိုက်စစ်မှူး ပိုဒေါစကီး။

သွင်းထားနိုင်

မန်စီးတီးဟာ ပရီမီယာလိဂ် တန်းစီဇယားမှာ လောလောဆယ် ပဥ္စမနေရာ ရောက်ရှိနေလို့ အဲရစ်ဆင် မျှော်မှန်းနေတဲ့ ထိပ်ဆုံးလေးသင်းနေရာ ရောက်ရှိဖို့ဆိုတာ လက်ရှိတိုက်စစ်မှူးတွေနဲ့ မလုံလောက်ပါဘူး။ ပရီမီယာလိဂ် ပွဲစဉ် (၂၃) ကစားပြီးချိန်မှာ မန်စီးတီးတိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းအားက စုစုပေါင်း ဂိုး ၃၀ ပဲ သွင်းထားနိုင်ပါသေးတယ်။

မန်စီးတီး တိုက်စစ်ရဲ့ လိုအပ်ချက်ကို ဂျာမန်တိုက်စစ်မှူး ပိုဒေါစကီးက ဖြည့်ဆည်းပေးနိုင်လိမ့်မယ်လို့ အဲရစ်ဆင်ယုံကြည်နေတာကြောင့် အခု ဇန်နဝါရီအပြောင်းအရွှေ့ကာလအပြီးမှာတော့ မန်စီးတီးရှေ့တန်းမှာ ပိုဒေါစကီး ကစားနိုင်အောင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းမှုတွေ ပြုလုပ်နေတာ အပြီးသတ်နိုင်တော့မယ်လို့ဆိုပါတယ်။

ဒါကြောင့် ပိုဒေါစကီး ရောက်လာခဲ့ရင်မန်စီးတီးတိုက်စစ်စွမ်းရည် ဘယ်လောက်အထိ တိုးတက်လာမယ်ဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ။ **(ကိုးကား–အင်တာနက်)**

အင်တာနက် အားကစား သတင်းအတိုအထွာ

■ **နယူးကာဆယ်အသင်းပိုင်ရှင် မိုက်အက်ရှ်လေသည်ဒေးဗစ်ဘက်ခမ်းကို စိန့်ဂျိမ်းပတ်သို့ခေါ်ယူရန်စီစဉ်နေသည်။**

❖ စပါးအသင်းသည် ရိန်းဂျားမှ နောက်တန်းခံစစ်မှူး အလန်ဟတ်တွန်ကို စိတ်ဝင်စားနေပြီး ပေါင်ရှစ်သန်းဖြင့် ခေါ်ယူနိုင်ရန် မျှော်လင့်နေသည်။

■ **ဖူလ်ဟမ်အသင်းသည် အက်ဖ်စီကျော်ဂျီယာမှ အသက် ၃၀အရွယ်ရှိ မန်ယူအသင်းတိုက်စစ်မှူးဟောင်း အဲရစ်နက်ဗ်လန်ကို ခေါ်ယူရန်မျှော်လင့်ထားသည်။**

❖ ဆန်းဒါးလန်းနည်းပြ ရွိုင်ကိန်းသည် မန်ယူနောက်တန်းခံစစ်မှူး ဖိလစ်ဘာစလေကို ပေါင်းတစ်သန်းခွဲဖြင့် ခေါ်ယူရန် စီစဉ်နေသည်။

■ **ပို့စ်မောက်နည်းပြ ဟာရီရက်နက်စ်သည် ပီတာခရော့ချ်အား လီဗာပူးမှ ပို့စ်မောက်သို့ ခေါ်ယူရန် ဆန္ဒရှိနေသည်။**

❖ ကီဗင်ကီးဂန်းသည် မန်စီးတီးနှင့် အင်္ဂလန်ခံစစ်မှူး ရစ်ချက်စ်ကို တစ်ပတ်လျှင် ပေါင်၇၀၀၀၀ဖြင့် နယူးကာဆယ်သို့ ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

■ **အာဆင်နယ်အသင်းသည် နွေရာသီအပြောင်းအရွှေ့ ဈေးကွက်တွင် ဝက်စ်ဟမ်းဂိုးသမား ရောဘတ်ဂရီးစ်ကို ပေါင်ခုနစ်သန်းဖြင့် ခေါ်ယူရန် စဉ်းစားနေသည်။**

❖ ခရီအေးရှား ၂၁ နှစ်အောက် ကစားသမား ဒိုမာဂေါ့ဂျ်ဗီဒါက လီဗာပူး၏ ကမ်းလှမ်းချက်ကို ငြင်းဆိုထားသည်။

မြန်မာ့အလင်း သူတို့ ဤသို့ ဖွင့်ဟပြောကြားကြသည်

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင် တွေ့ဆုံမေးမြန်း၍ တင်စိုးနှင့် သိန်းဝင်းလေး (မြန်မာ့အလင်း) ဓာတ်ပုံမှတ်တမ်းတင်သည်

ဂီတအစည်းအရုံးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်တာဝန်ပေး

စာမျက်နှာပွဲ့စည်းမှု-ထိန်လင်း

"ခိုးကူးခွေ ပြဿနာကိုအတတ်နိုင်ဆုံး တားဆီးဆောင်ရွက် နေပါတယ်"

ဦးမောင်မောင်လတ် (နောင်)
မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ

မြန်မာနိုင်ငံဂီတအစည်းအရုံးကို ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၂ ရက် နေ့စွဲပါ စာအမှတ် ၁-၆ (၅၅)/၂၀၀၅နဲ့ မူလဂီတအစည်းအရုံး အမှုဆောင်အဖွဲ့ကို ဖျက်သိမ်းပြီး အလုပ်အမှုဆောင် ၅၃ ဦးပါဝင်တဲ့ မြန်မာနိုင်ငံ ဂီတအစည်းအရုံးကို အသစ်ပြန်လည်ဖွဲ့စည်းတာဝန်ပေးခဲ့သလို အစည်းအရုံးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် တာဝန်ပေးခဲ့ပါတယ်။ ဂီတအဖွဲ့အစည်းကို မဟာဂီတ၊ ကာလပေါ်၊ စတူရီယို၊ စက်မှုနဲ့ ထုတ်လုပ်ဖြန့်ချိဆိုပြီး အလွှာငါးလွှာ ထားရှိပါတယ်။ ဒီအစည်းအရုံးကို စဖွဲ့ကတည်းက အဖွဲ့ဝင် ၅၃ ဦး ပါဝင်ပြီး အဲဒီအထဲကမှ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ သုံးဦးပါဝင်တဲ့ ၂၅ ဦးပါ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့ပါတယ်။ အလွှာအမှုဆောင် ၂၈ ဦး ရှိပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ ဂီတအစည်းအရုံးကို ဂီတနဲ့ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် မှာကြားခဲ့ပါတယ်။ ဟိုတုန်းကတော့ ဂီတနဲ့ပတ်သက်ပြီး စည်းရုံးရေးအဖွဲ့ မရှိခဲ့ပါဘူး။ အခုတော့ ဗဟိုဦးစီးစနစ်နဲ့ မြန်မာဂီတအစည်းအရုံးကို ဖွဲ့စည်းပေးခဲ့ပြီး မြို့နယ်တွေမှာလည်း အနည်းဆုံး ၁၁ ဦးနဲ့ ဖွဲ့စည်းပြီး စည်းရုံးရေးကို ဆောင်ရွက်ခဲ့ပါတယ်။ တိုင်းနဲ့ပြည်နယ် မြို့နယ်အတော်များများမှာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးကိုဝင်ရင် အရင်နှစ်တုန်းက ပညာရှင်အဆင့်ကို လစဉ်ကြေး ၂၀၀ နဲ့ တစ်နှစ်အတွက် ၂၄၀၀၊ အသင်းဝင်ကတ်နဲ့ စာရွက်စာတမ်းကြေးကျပ်၁၀၀၀ ဆိုပြီး စုစုပေါင်းကျပ်၃၄၀၀ ကောက်ပါတယ်။ ဝါသနာရှင်ကိုတော့ လစဉ်ကြေး ကျပ်၁၀၀ နှုန်းနဲ့တစ်နှစ်အတွက်ကျပ်၁၂၀၀၊ အသင်းဝင်ကတ်နဲ့ စာရွက်စာတမ်းကြေး ကျပ်၁၀၀၀ ဆိုပြီး စုစုပေါင်း ကျပ်၂၂၀၀ ကောက်ပါတယ်။ အခု ၂၀၀၈ မှာတော့ ဝါသနာရှင်ကို လစဉ်ကြေး ကျပ်၁၀၀နဲ့ နှစ်နှစ်စာ ကျပ်၂၄၀၀၊ စာရွက် စာတမ်းကြေး ကျပ်၁၀၀၀နဲ့ စုစုပေါင်းကျပ် ၃၄၀၀ကောက်ခံပါတယ်။ ဝါသနာရှင်ကိုတော့ လစဉ်ကြေး ကျပ်၅၀ နှစ်နှစ်စာ ကျပ်၁၂၀၀၊ စာရွက်စာတမ်းကြေး ကျပ်၁၀၀၀ နဲ့ စုစုပေါင်း ကျပ်၂၂၀၀ ကောက်ခံပါတယ်။ ယခင်အသင်းဝင်ကတ် အပြာရောင်ကို ၂၀၀၇ ခုနှစ်မှာ အဖြူရောင်လဲပေးနေပါပြီ၊ အရင်ကတ်အဟောင်းက တရားမဝင်တော့ပါဘူး။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးအနေနဲ့ကတော့ စင်တင်တေးဂီတပွဲတွေကို စီမံဆောင်ရွက်ပေးခြင်း၊ စာမူများကိုထောက်ခံပေးခြင်း၊ သီချင်းစာမူစိစစ်ရေးတင်ရာတွင် ထောက်ခံပေးခြင်း၊ ခွေကတ်ပြား၊ ဗွီစီဒီတို့ကို ထောက်ခံမှုမှ ရရှိတဲ့ ဝင်ငွေ၊ မြနန္ဒာခန်းမ (ဒဂုံဆိပ်ကမ်း) Seven စားသောက်ဆိုင်များမှ ရရှိသောဝင်ငွေများဖြင့် အသင်းကို ရပ်တည်နေပါတယ်။

ကျွန်တော်တာဝန်ယူတဲ့ အချိန်ကစပြီး အဓိကပြဿနာကတော့ ခိုးကူးခွေ ပြဿနာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီပြဿနာကို အတတ်နိုင်ဆုံး တားဆီးဆောင်ရွက်ခဲ့ပါတယ်။ ယခုလက်ရှိအနေအထားအရတော့ ဂီတအစည်းအရုံးဝင်တွေရဲ့ စည်းလုံးညီညွတ်စွာ လုပ်ကိုင်ဆောင်ရွက်မှုကြောင့် ကျေနပ်အားရဖွယ် မရှိသေးသော်လည်း အတိုင်းတာတစ်ခုအထိ ခရီးပေါက်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း မြန်မာ့ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေး ဆတက်ထမ်းပိုး ကြိုးစားသွားပါ့မယ်။ ။

ကျွန်တော်တာဝန်ယူတဲ့ အချိန် ကစပြီး အဓိကပြဿနာကတော့ ခိုးကူးခွေပြဿနာ ဖြစ်ပါတယ်။

ဦးမောင်မောင်လတ် (နောင်)

ဒီလိုတီထွင်မှုတွေနဲ့ ဓာတ်ပုံ ပညာ ပေါင်းစပ်ပြီး ပြက္ခဒိန် ရိုက်ကူးတော့ ပြည်သူတွေရဲ့ အားပေးမှုကို ရတာပေါ့။

အောင်ထွန်းနိုင် (ပြည်မြန်မာ)

သတင်းဓာတ်ပုံနဲ့ ပြက္ခဒိန်ရိုက်ကူးမှု အပြန်အလှန်ဆက်စပ်မှုရှိ

"ပြက္ခဒိန်ရိုက်ကူးတဲ့နေရာမှာ အရိုက်ခံနေတဲ့ပုံမဖြစ်စို့ သတိပြုရမယ်"
အောင်ထွန်းနိုင် (ပြည်မြန်မာ)

ပြက္ခဒိန်ရိုက်ကူးတာနဲ့ သတင်းဓာတ်ပုံရိုက်ကူးတာ ဆက်စပ်မှုရှိပေမယ့် ကွာခြားမှု ရှိနေပါတယ်။ သတင်းဓာတ်ပုံ ရိုက်ကူးတာဟာ မျက်စိဖြန့်ကြက်ထားရတယ်။ လျင်လျင်မြန်မြန် ရိုက်ယူနိုင်ရတယ်။ ဒါ့အပြင် ပါဝင်သင့်တဲ့ ပုဂ္ဂိုလ်၊ ပါဝင်သင့်တဲ့ အရာတွေအားလုံး ပါဝင်အောင် အချိန်တိုအတွင်းမှာ ရိုက်ကူးနိုင်ရတယ်။

သတင်းအမြင်

သတင်းဓာတ်ပုံဆိုတာဟာ ကန့်သတ်ချက်လည်းရှိတယ်။ ဖော်ပြတဲ့ သတင်းနဲ့ လိုက်ဖက်တဲ့ လူပုဂ္ဂိုလ်နဲ့ နေရာတွေ၊ အဆောက်အအုံတွေကို ပါအောင် ရိုက်ယူကြရတယ်။ သတင်းဓာတ်ပုံဟာ လှုပ်ရှားနေတဲ့ ပုံတွေဆိုရင် ပိုကောင်းတယ်။ ဒါပေမယ့် အချိန်တိုအတွင်းမှာ ရိုက်ယူရတာမို့ သတင်း အမြင်၊ ဓာတ်ပုံပညာ အမြင်နဲ့ ပေါင်းစပ်ရိုက်ယူရတာပါ။ ဒါကြောင့် သတ်မှတ်တဲ့ အချိန်လေးအတွင်းမှာ ဓာတ်ပုံလေးငါးပုံ ရအောင်ရိုက်ယူရတာတွေလည်းရှိတယ်။ ဒီလိုအချိန်လုပြီး ရိုက်ရတာဆိုတော့ ဓာတ်ပုံတွေဟာ စိတ်တိုင်းကျအောင်ထွက်ဖို့ သိပ်တော့ မလွယ်ဘူး။

ပြက္ခဒိန်ရိုက်ကူးတာကြတော့ အချိန်ယူပြီး စိတ်တိုင်းကျ ရိုက်ကူးရတာပါ။ အမျိုးသမီးပုံတွေဆိုရင် မျက်နှာ၊ လက်၊ မျက်လုံးအနေအထားစတဲ့ အရာတွေ အားလုံး ပျော့ပျောင်းနေအောင် အသေးစိတ် ပြင်ဆင်ပြီး အကောင်းဆုံး ဓာတ်ပုံရအောင် ရိုက်ယူတာပါ။ ပြည်သူတွေရင်ထဲရောက်အောင် ဘယ်လို တင်ပြမလဲဆိုတာ အရင်စဉ်းစားရပါတယ်။

ပြီးမှ အလင်းပေးမှု၊ ကိုယ်နေဟန်ထား၊ ဓာတ်ပုံရှုထောင့်တွေကို စိတ်တိုင်းကြ ပြုပြင်ပြီး အကြိုက်ဆုံးအနေအထား ရိုက်ယူခြင်းဖြစ်တာမို့ ပြက္ခဒိန် ရိုက်ကူးမှု ကတော့ ပုံကောင်းတွေရရှိမှုမှာ အားသာတာပေါ့။

တီထွင်ဆန်းသစ်နိုင်

ပြက္ခဒိန်ရိုက်ကူးတဲ့အခါမှာလည်း အမြဲတမ်းဆန်းသစ်နေဖို့လိုတယ်။ စာတွေ များများဖတ်ရတယ်။ ရသစာအုပ်တွေ ဖတ်တာများရင် အဲဒီစာပေတွေက တစ်ဆင့် ရရှိတဲ့ အသိဉာဏ်နဲ့ စဉ်းစားတတ်တဲ့ တွေးခေါ်အားကောင်းလာတာမို့ သူများတွေထက်ပိုပြီး တီထွင်ဆန်းသစ်နိုင်တယ်။

ဒီလိုတီထွင်မှုတွေနဲ့ ဓာတ်ပုံပညာ ပေါင်းစပ်ပြီး ပြက္ခဒိန်ရိုက်ကူးတော့ ပြည်သူတွေရဲ့ အားပေးမှုကို ရရှိတာပေါ့။ နောက်ပြီး ပြက္ခဒိန်ရိုက်ကူးတဲ့ နေရာမှာ အရိုက်ခံနေတဲ့ပုံမဖြစ်ဖို့ သတိပြုရမယ်။ ကင်မရာရှေ့မှာ အသက်ဝင် လှုပ်ရှားမှုမရှိတဲ့ ပုံသေတွေမျိုး မဖြစ်သင့်ဘူး သဘာဝကျဖို့လိုတယ်။

အမူအရာ

ပြက္ခဒိန် ရိုက်ကူးတဲ့အခါ ခြေ၊ လက်၊ မျက်နှာပေးတွေက အားလုံး ပျော့ပျောင်းနေရတဲ့အပြင် ကြည့်သူကို စိတ်ဝင်စားမှုဖြစ်အောင် ရိုက်ယူတဲ့ နေရာမှာ ကိုယ်လိုချင်တဲ့အမူအရာနဲ့ ဟန်ပန်ရရင် ပုံများများ ရိုက်ယူပြီး အကောင်းဆုံး စိတ်တိုင်းကျပုံကို ထုတ်ကြည့်ရွေးချယ်ရတာမို့ သတင်းဓာတ်ပုံ နဲ့တော့ ကွာခြားမှုရှိတာပေါ့။

တကယ်တော့ သတင်းဓာတ်ပုံနဲ့ ပြက္ခဒိန်ရိုက်ကူးမှုဟာ အပြန်အလှန် ဆက်စပ်မှု ရှိနေပါတယ်။ ဓာတ်ပုံပညာ အခြေခံကောင်းရင် ပြက္ခဒိန်ရိုက်ကူးတဲ့ အခါမှာ အများကြီး အထောက်အကူရရှိတာမို့ ဓာတ်ပုံပညာတော့ ကျွမ်းကျင်ဖို့ လိုအပ်ပါတယ်။

ကွာခြားမှု

နောက်ပြီး ထိုးထွင်းဆန်းသစ်နိုင်ဖို့အတွက်ကလည်း စာတွေဖတ်မှတ် လေ့လာပြီး စ၊ တ၊ ပြုလုပ်ကြဖို့ လိုအပ်သလို ပြည်သူတွေ လက်ခံအောင် ဘယ်လိုရိုက်ကူးမလဲဆိုတာကိုလည်း တွေးဆတတ်ရမှာ ဖြစ်ပါတယ်။ ပြက္ခဒိန် ရိုက်ကူးတယ်ဆိုတာ ဓာတ်ပုံပညာ၊ တီထွင်ကြံဆမှု၊ အနုပညာအမြင်တွေ အားလုံးပေါင်းစပ်ရတာမို့ တခြားဓာတ်ပုံရိုက်ကူးမှုနဲ့တော့ ကွာခြားမှုရှိပါတယ်လို့ မြင်ပါတယ်။ ။

(မြန်မာ့အလင်း)

ဆုချီးမြှင့်

မရမ်းကုန်းမြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အဆင့် သင်္ချာ ပထမဆုရ ပဥ္စမတန်း(က)မှ မကေသရီရဲအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာအောင် ဆုချီးမြှင့်စဉ်။ (၁၁၁)

ဂုဏ်ပြုဆု

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဘူတာရပ်ကွက် အမက(၈) ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကို ဇန်နဝါရီ ၁၂ ရက်က ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမျိုးမင်းထိုက်က ငါးနှစ်ဆက်တိုက်ဆုရ မရဝေလင်းသန်းအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

ချင်းပြည်နယ်တွင် မြေလွတ်မြေရိုင်းများရှိရာ ဝမ်းစာဖူလုံရေး မိုးစပါး၊နွေစပါးတိုးချဲ့စိုက်ပျိုး လက်ဖက်ပြည်နယ် ဖြစ်ရမည်ဟူသောခံယူချက်ဖြင့် လက်ဖက်စိုက်ခင်းများတိုးချဲ့

နွားနောက်များကို ပြည်ပတင်ပို့နိုင်သည်အထိ မွေးမြူကြ

နေပြည်တော် ဇန်နဝါရီ ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ၁၆ ရက် နံနက် ၇ နာရီခွဲက ချင်းပြည်နယ် ကန်ပက်လက်မြို့ရှိ တောင်သူ ဦးကီးမနား၏ နှစ်ကေလက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခင်မောင်ဆွေက ကန်ပက်လက်မြို့နယ်အတွင်း လက်ဖက်စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ကန်ပက်လက်မြို့နယ် သမဝါယမဦးစီးဌာနမှ စိုက်ပျိုးထားရှိသည့် ဖြစ်ထွန်း အောင်မြင်နေသော နှစ်ကေ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီးဗိုလ်ချုပ်ခင်ဇော်က လက်ဖက်မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ်အသုံးပြု၍ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ ဆွတ်ခူးစနစ်မှန်ကန်ရေးတို့အတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကူညီပံ့ပိုးဆောင်ရွက်ပေးရန် မှာကြားသည်။

ကန်ပက်လက်မြို့နယ်တွင်လက်ဖက်စိုက်ဧက ၁၅၀၉ ဧက စိုက်ပျိုးထားပြီး တစ်ဧကလျှင် အစိုထွက် ၂၃၁ပိဿာနှင့် အခြောက် ၄၆ ပိဿာ ထွက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်း၊ ကွန်ပျူတာခန်းများ၊ စာသင်ခန်းများနှင့် Language Lab တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကန်ပက်လက်မြို့၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ကန်ပက်လက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဗိုလ်ချုပ်ခင်ဇော်က ဆေးကုသမှု ခံယူနေသော လူနာများအား အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိပြီး သင်တန်းသူများ၏ အခြေခံစက်ချုပ်ခြင်း၊ အဆင့်မြင့်စက်ချုပ်ခြင်းနှင့် သိုးမွေးစက်ဆွဲခြင်းများ သင်ယူနေမှုများ **(အပေါ်ပုံ)** နှင့် သင်တန်းကျောင်း အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များအား သင်တန်းကျောင်းဧည့်ခန်းမ၌ ကျောင်းအုပ်ဒေါ်လုလုရီက သင်တန်းကျောင်း၏ ရည်ရွယ်ချက်များ၊ သင်တန်းအမျိုးအစားများနှင့် သင်တန်းသူများ တက်ရောက်သင်ကြားမှု အခြေအနေများ ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို မှာကြားပြီး သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများကို ကျောင်းအုပ်ထံ ပေးအပ်သည်။

ဆောမြို့ရောက်ရှိ

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မကွေးတိုင်း ဆောမြို့သို့ ရောက်ရှိကြပြီး ဆောမြို့ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဆောမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်းနှင့် ဂန့်ဂေါခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအင်ကြူးတို့က ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။ ထို့နောက် ဆောမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးကုသမှုခံယူနေကြသော လူနာများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ ငွေများပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့နယ် နွားနောက်မွေးမြူရေးစခန်းအမှတ်(၁) အရှေ့ပြင်သို့ရောက်ရှိပြီး နွားနောက်များ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ပြည်နယ်မှူး ဒေါက်တာ နေဝင်းက မင်းတပ်ခရိုင်တွင် နွားထီး ၁၃၆၀၉ ကောင်၊ နွားမ ၁၉၈၄၈ ကောင် စုစုပေါင်း နွားနောက် ၃၃၄၅၇ ကောင် မွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မင်းတပ်မြို့ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများအား တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်တို့က ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

နွားနောက်မွေးမြူမှု

ဆက်လက်၍ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒုတိယဗိုလ်မှူးကြီးဇော်မင်းဦးက ချင်းပြည်နယ်အတွင်း နွားနောက်များ မွေးမြူထားရှိမှုအခြေအနေများ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်က တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ချင်းပြည်နယ်တွင် မြေလွတ်မြေရိုင်းများစွာ ကျန်ရှိရာ ဒေသဝမ်းစာဖူလုံရန်အတွက် မိုးစပါး၊ နွေစပါးနှင့် တောင်ယာစပါးများ တိုးချဲ့စိုက်ပျိုးရန်လိုကြောင်း၊ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရမည်ဟူသော ခံယူချက်ဖြင့် စိုက်နည်းစနစ်ကောင်းများကို လေ့လာစမ်းသပ်၍ လက်ဖက်စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးကြရန် လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထားဆောင်ရွက်ကြစေလိုကြောင်း၊ ကြက်ဆူပင်များကို လျာထားချက်ပြည့်မီအောင် ဂရုစိုက် ပြုစုပျိုးထောင် တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ အမယ်သစ်သီးနှံ တည်း၊ ထောပတ်၊ ဝဥ တို့ကိုလည်း တိုးချဲ့ စိုက်ပျိုးကြစေလိုကြောင်းနှင့် နွားနောက် မွေးမြူရေးကို တိုးချဲ့မွေးမြူခြင်းဖြင့် ဒေသစီးပွားရေး ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နွားနောက်များကို ပြည်ပတင်ပို့နိုင်သည်အထိ မွေးမြူကြစေလိုကြောင်း မှာကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

မဲပလီကျေးရွာ ခုနစ်ရက်စခန်းပွဲနှင့် ရဟန်းခံ၊ သီလရှင်ဝတ်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၃၀၂)အတွင်း နှစ်စဉ်ကျင်းပအပ်သော ခုနစ်ရက်တရားစခန်းပွဲနှင့် ရဟန်းခံ၊ သီလရှင်ဝတ်ပွဲကို (၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်မှ တပို့တွဲလဆန်း ၅ရက်) ဖေဖော်ဝါရီ ၄ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီး၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ ရွှေရတနာဆရာတော် သာသနာပြုနယ်လှည့် ဓမ္မကထိအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကောဝိဒ (မိုးကုတ်)နှင့် သွေးဆေးကန်အရှင် နန္ဒာစရိယ (ခက်သင်)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ ရဟန်းခံ၊ သီလရှင်ဝတ်လိုသူ မည်သူမဆို ဦးအောင်မြင့်–ဒေါ်ထွေးကြည်တို့က သင်္ကန်းပရိက္ခရာစုံ လှူဒါန်း ပေးမည်ဖြစ်ပါ၍ မည်သူမဆို စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်ကြူး မွန်ပြည်နယ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်ကြူးနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၆ရက်တွင် ဘားအံမြို့မှ မုဒုံမြို့သို့ သွားရောက်ခဲ့ပြီး မုဒုံမြို့ရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းတွင် ဒေသကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရွှေသောင်း၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ မုဒုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှတာဝန်ရှိသူများနှင့်အတူ တွေ့ဆုံဆွေးနွေးခဲ့ပြီး အိမ်တွင်းမှု သင်တန်းကျောင်း၌ အဆောက်အအုံများဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ သင်တန်းသူများ စက်ချုပ်သင်ကြားမှု အခြေအနေ **(အပေါ်ပုံ)**၊ သင်တန်းကျောင်း၌ ရေပေးဝေမှု အခြေအနေတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဒေသဖွံ့ဖြိုးရေး

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ပြည်နယ် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(မော်လမြိုင်) သို့ ရောက်ရှိခဲ့ပြီး ဒေသကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးဦးရွှေသောင်းက မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသောနယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအခြေအနေ၊ ကြာပန်း–ဝီယော်–ဒေါက်ရပ်–ဆင်တွင်း–ဝင်းကံ လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မော်လမြိုင်ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးဝန်ထမ်းအိမ်ရာဆောက်လုပ်မှုအခြေအနေနှင့် လမ်းခင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

လမ်းဖောက်လုပ်မှု

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ရက်တွင် ဒေသကြီးကြပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရွှေသောင်း၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ဦးရှိန်၊ ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ ကြာပန်း–ဝီယော်–ဒေါက်ရပ်–ဆင်တွင်း–ဝင်းကံလမ်း ၆၄ မိုင် လမ်းအပိုင်း၌စက်ယန္တရားကြီးများဖြင့် လမ်းဖောက်လုပ်နေမှု အခြေအနေ၊ တံတားများဖောက်လုပ်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံအင်ဂျင်နီယာ၏ ရှင်းလင်း တင်ပြချက်များ အပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေး

ရန်ကုန် ဇန်နဝါရီ ၂၂

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၈ရက် နံနက် ၁၀ နာရီက အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်း ဒဂုံမြို့နယ်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်ရဲစခန်းမှူး ရဲအုပ်စောစိုးပိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုစမ်း၊ ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် မိဘများတက်ရောက်ကြသည်။

ဟောပြော

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး စခန်းမှူး ရဲအုပ်စောစိုးပိုင်က မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောသည်။ **(အောက်ပုံ)(ဝ၉၉)**

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာအမှတ် ၁/၂၀၀၈ဖြင့် **"သုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ်ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့် **"ဒေါ်မေသန်းနွယ်"** (သိင်္ဂီရွှေရည်အဆင့်မြင့် Digital ရောင်စုံဓာတ်ပုံတိုက်)အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး ဆက်လက်၍ ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်ခင်ပွန်း – ဦးမျိုးမြင့်
(သိင်္ဂီရွှေရည်အဆင့်မြင့် Digital ကုမ္ပဏီလီမိတက်)
ချစ်သားကြီး – အောင်ဇေယျာမျိုး
Managing Director (Zay Company Limited)
ချစ်သားငယ် – မျိုးစည်သူ
First Year(English) Dagon University

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်သူဟိန်း၏ နိုင်ငံကူးလက်မှတ်– ၆၂၂၅၂၅မှာ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။

ဖုန်း– C/O ၆၂၀၀၈၈။

တိုက်ခန်းအမြန်ရောင်းမည်

မဟာဘောဂလမ်း၊ စမ်းချောင်းမြို့နယ်၊ လေးလွှာ၊ ရေ၊ မီးစုံ။
(ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းရန်)

ဖုန်း–၅၂၆၃၆၃။

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၈ ဖြင့် **ဒေါ်သန်းသန်းစိန်** အား **"သီရိသုဓမ္မသိင်္ဂီ"** ဘွဲ့တံဆိပ် ချီးမြှင့်ခြင်းခံရသည့်အတွက် နိုင်ငံအကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ရွက်ဆောင် နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းလျက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

ဒေါ်ခင်ဦးကြည်
ကျောင်းအုပ်ဆရာမကြီး
အလက(၂)အင်းစိန်။

စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

(၁၅)ကြိမ်မြောက် စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ စိတ်ပညာကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၂၀၀၈ခုနှစ် ဇန်နဝါရီ၂၆ ရက် (စနေနေ့)
အချိန် – နံနက် ၉ နာရီ
နေရာ – ပန်ဒါပိုတယ်

နှိုးဆော်စာများ ပေးပို့သော်လည်း လိပ်စာပြောင်းလဲမှုရှိနိုင်၍ နှိုးဆော်စာမရောက်ပါကလည်း တက်ရောက်ကြပါရန်နှင့် နီးစပ်ရာသူငယ်ချင်းများကိုပါ အသိပေးနှိုးဆော်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပူဇော်ပွဲနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ရန်–

ဒေါက်တာအောင်သန်းဦး တွဲဖက်ပါမောက္ခဌာနမှူး ဖုန်း–၅၃၇၃၇၅၊ ဦးစောဝေ(ပန်ဒါပိုတယ်) ဖုန်း–၂၁၂၈၅၀–၁–၅၊ ဦးတင်ကိုကို ဖုန်း–၂၄၃၁၅၁၊ ၂၄၈၀၉၁၊ ဦးသစ်လွင် ဖုန်း–၀၉၅၀–၂၁၁၁၇၊ ဦးဝင်းမောင် ဖုန်း–၀၉–၅၁–၇၄၅၂၁၊ ဦးမြအေး ဖုန်း–၀၉၅၀–၀၄၉၄၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

စိတ်ပညာမိသားစု အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လေယာဉ်ပြေးလမ်း တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Bitumen Grade 80/100 အမျိုးအစား ကတ္တရာ တန်၄၀၀၀ ကျော်အား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၂၄–၁–၂၀၀၈ရက်မှစ၍ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ၃၁–၁–၂၀၀၈ ရက် ၁၆း၀၀နာရီအချိန်တွင် တင်ဒါပိတ်မည် ဖြစ်ပါသည်။

(ဆက်သွယ်ရန် ဖုန်း–၀၁–၅၃၃၀၀၆၊ ၀၁–၅၃၃၀၀၉)

DBL(4) ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ

ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ ဆရာကြီး ဆရာမကြီးများအား ကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲကို ၂–၂–၂၀၀၈ရက်(စနေနေ့)တွင် ကရဝိက်ဥယျာဉ်ကမ္တာ၌ကျင်းပမည်ဖြစ်ပါ၍ **"ဆရာမကြီး၏တပည့်များအားလုံး"** အောက်ပါပုဂ္ဂိုလ်များထံ အမြန်ဆုံးဆက်သွယ်ကြပါရန်–

(အမှတ်တရအဖြစ် လက်ဆောင်များ လဲကြမည်ဖြစ်၍ ယူလာခဲ့စေလိုပါသည်။)

- * ကိုဇော်ဝင်း(တရားရုံးချုပ်ရှေ့နေ) ဖုန်း–၀၉–၅၁–၉၆၆၁၈၊ ၃၈၀၁၃၇
- * ကိုမောင်မောင်အောင်(ပို့ဆောင်ရေး) ဖုန်း–၅၁၂၇၄၉၊ ၅၃၆၅၄၅
- * ကိုအေးမင်း(SPAGHETATA) ဖုန်း–၀၉–၅၁–၁၉၁၁၀
- * မစန်းစန်းဝင်း(စိန်ဒိုင်းမွန်းကုမ္ပဏီ) ဖုန်း–၅၇၂၃၂၂
- * မသင်းသင်းဆွေ (မြန်မာ့စီးပွားရေးဘဏ်) ဖုန်း–၃၇၉၁၉၃
- * မရီရီငွေ(အေးငြိမ်းသာအထူးကုဆေးခန်း) ဖုန်း–၀၉–၅၀–၂၆၇၆၀။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁နှင့်၅)
တောင်ကြီးမြို့နယ်တရားရုံး၌
၂၀၀၈ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၇

ဒေါ်နန်းရွှေငွေ	နှင့်	ဒေါ်မိမိခိုင်
တရားလို		**တရားခံ**

(ယခင်)အမှတ်(E-4)၊ ရေထွက်ဦးလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိ) ဒေါ်မိမိခိုင်သိစေရမည်။

သင့်အပေါ်၌ တရားလိုက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ၈ရက် (၁၃၆၉ခုနှစ် တပို့တွဲလဆန်း၂ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်၊ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်၊ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်၊ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် ဇန်နဝါရီ ၂၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ် ပေးလိုက်သည်။

ဦးမြင့်အောင် (တ/၁၈၀၁)
မြို့နယ်တရားသူကြီး
တောင်ကြီးမြို့နယ်တရားရုံး။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

မြဝတီထရေးဒင်းလီမိတက်နှင့် မိတ်ဆွေရင်းပမာ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Myanmar Brewery Limited. သို့ International Standard Organization မှ ချီးမြှင့်ပေးအပ်သည့် **ISO 22000: 2005** လက်မှတ်ရရှိသည့်အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

21-Stars Trading Co., Ltd.

ကျိုင်းတုံမြို့နယ်၌ ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၂၂

နှစ်(၆၀)ပြည့်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝမ်ဟကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ၂၀၀၇ခုနှစ် ဒီဇင်ဘာ၃၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရေးမှူး ဦးမြအောင်နှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအေးဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(မြို့နယ်စည်ပင်)

ဘဏ်ချေးငွေများ အပြည့်အဝပြန်လည်ကောက်ခံရေးဆွေးနွေး

မအူပင် ဇန်နဝါရီ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဧရာဝတီတိုင်း၏ ၂၀၀၇ခုနှစ်မိုးရာသီသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေများ အပြည့်အဝပြန်လည်ကောက်ခံခြင်းနှင့် သတ်မှတ်အတိုးဝင်ငွေများ လျာထားချက်နှင့်အညီ ပြည့်မီကျော်လွန်စွာရရှိရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ၁၁ရက် နံနက်၉နာရီက ဧရာဝတီတိုင်း မအူပင်မြို့နယ် ဘဏ်ခွဲရုံး၌ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက ၂၀၀၇ခုနှစ်မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို သတ်မှတ်ရက်အတွင်း အပြည့်အဝ ပြေကျေစွာကောက်ခံရရှိရေးနှင့် သတ်မှတ်အတိုးဝင်ငွေများကို လျာထားချက် အတိုင်းပြည့်မီကျော်လွန်အောင် မြို့နယ်ဘဏ်ခွဲအသီးသီးရှိ တာဝန်ရှိသူအားလုံးက ကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားပြီးနောက် တက်ရောက်လာကြသည့် ဘဏ်မန်နေဂျာများ၏ တင်ပြချက်များအပေါ်ပြန်လည် ဖြည့်စွက်ရှင်းလင်းဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အငှားယာဉ် ဓာတ်တိုင်ဝင်တိုက်

ရန်ကုန် ဇန်နဝါရီ ၂၂

စမ်းချောင်းမြို့နယ် ကျွန်းတော(တောင်)ရပ်ကွက် ဗားကရာလမ်းမကြီး အလယ်ကျွန်း လမ်းမီးဓာတ်တိုင်ကို ဇန်နဝါရီ၂၁ရက် ည၈နာရီခွဲခန့်က အငှားယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ အလယ်ကျွန်းပေါ်တက်၍ တိုက်မိခဲ့သည်။

ပျက်စီး

ဖြစ်ပွားပုံမှာ ဗားကရာလမ်းမကြီး အတိုင်း အရှေ့ဘက်မှ အနောက်သို့ မောင်းလာသော အငှားယာဉ် တက္ကစီကားသည် မြေနီကုန်းမီးပွိုင့်အလွန် ယဉ်ကျေးမှုကဇာတ်ရုံ(ပဒုမ္မာ) ကွင်းရှေ့ရှိ လမ်းမီးဓာတ်တိုင်ကို အရှိန်ပြင်းစွာ အလယ်ကျွန်းပေါ်တက်၍ တိုက်မိရာ ဓာတ်တိုင်အောက်ခြေအင်္ဂတေ ကြေမွပျက်စီးသွားပြီး ဓာတ်တိုင်လဲကျလုနီးပါးဖြစ်သွားခဲ့သည်။

ဆေးကုသ

ယာဉ်ပေါ်ပါသော ခရီးသည် သီလရှင်သားအမိနှစ်ဦးနှင့် ယာဉ်မောင်းသူတို့မှာ နဖူး၊ကျော၊မျက်ခုံး၊ခြေသလုံးတို့တွင် ပေါက်ပြဲဒဏ်ရာများ ရရှိ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ရာ အတွင်းလူနာအဖြစ် ကုသနေရသည်။

အရေးယူ

ယာဉ်မောင်းဖြစ်သူ ဦးဖိုးအေး(၃၅)နှစ် (ဘ)ဦးဘိုအေး (၁၀၇)ရပ်ကွက် ကျောင်းလမ်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နေသူမောင်းသော ကိုရိုလာဆလွန်းအဖြူရောင် ၈/၄၂၇၆ကားမှာ ရှေ့ပိုင်းကြေမွပျက်စီးသွားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်မှုစစ်ဌာနမှ အငှားယာဉ်မောင်းသူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၀၃)

စမ်းချောင်းမြို့နယ် ဗားကရာလမ်းမကြီး အလယ်ကျွန်းပေါ်တက်၍ လမ်းမီးတိုင်အား ဝင်တိုက်မိသော အငှားယာဉ်ရှေ့ပိုင်းပျက်စီးနေသည်ကို တွေ့ရစဉ်။

(၁၀၃)

မယ်စဲ့မြို့ ကြံခိုင်ဖွံ့ဖြိုးရေးအသင်း အဆောက်အအုံသစ်ဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၂၂

ကယားပြည်နယ် မယ်စဲ့မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြို့နယ်အသင်းရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားပြီး ဒေသခံ တိုင်းရင်းသားအဖွဲ့မှ အလှူရှင် ဦးထွန်းကျော်က ရုံးအဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေထံ ပေးအပ်သည်။

ထို့နောက် ဒေသခံတိုင်းရင်းသားအဖွဲ့မှ ဦးထွန်းကျော်၊ မယ်စဲ့မြို့နယ် ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် ပြည်နယ်အသင်း အတွင်းရေးမှူး ဦးကျော်ဆွေတို့က မြို့နယ်အသင်းရုံး အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အလှူငွေပေးအပ်

ယင်းနောက်ဝန်ကြီးသည် မယ်စဲ့မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် လက်တွဲ၍ အကောင်အထည်ဖော်ရန် အလှူငွေကျပ်သိန်း ၇၀ ကို မြို့နယ်အလုပ်အမှုဆောင်ထံ ပေးအပ်သည်။

ဖားဆောင်းမြို့

ဆက်လက်၍ ဝန်ကြီးသည် ဖားဆောင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အလုပ်အမှုဆောင်နှင့် အသင်းဝင်များအား တွေ့ဆုံဆွေးနွေး မှာကြားပြီး ဒေသ၏ ရေအားလျှပ်စစ်၊ ဓမ္မသိဒ္ဓိသိမ်ကျောင်း ပြုပြင် တည်ဆောက်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အလှူငွေကျပ် ၁၅သိန်းကို ဖားဆောင်းမြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဦးထံ ပေးအပ်သည်။

ယင်းနောက်ဝန်ကြီးသည် ဖားဆောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းတည်ဆောက်ရေးအတွက် အလှူငွေကျပ် ၂၂သိန်းကို ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ထွေးထံ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဘော်လခဲခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အသင်းဝင်များနှင့်အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားကာ ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၀၊ ဘော်လခဲမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေကျပ် ၂၅သိန်းကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(သတင်းစဉ်)**

သိမ်တော်ကြီးအတွက်လှူဒါန်း

သဃ်န်းကျွန်းမြို့နယ် ဝိဇ္ဇောဒယကျောင်း၌ တည်ဆောက်နေသော သဒ္ဓမ္မဇောတိကဓဇ သိမ်တော်ကြီးအတွက် ကျောက်ကုန်း အနီဃာလမ်း အမှတ် ၃ နေ ဒေါ်နွဲ့နွဲ့ရီမိသားစုက ဦးကျော်ငြိမ်း(လက်ထောက်အင်ဂျင်နီယာချုပ်၊ လျှပ်စစ်၊ငြိမ်း)-ဒေါ်အေးမေ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)၊ ဒေါက်တာဒေါ်နှင်းဆီ (တိုင်းဆရာဝန်ကြီး၊ ငြိမ်း)တို့အား ရည်စူး၍ အလှူငွေကျပ် ၅၅၀၀၀၀ လှူဒါန်းရာ ဝိဇ္ဇောဒယကျောင်းဆရာတော်က လက်ခံတော်မူစဉ်။ (က-ပ)

ပခုက္ကူအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၂

ပခုက္ကူအသင်း (ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး သက်ကြီးပူဇော်ပွဲ စာပေအနုပညာဆုရသူများဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ရန်ကုန်မြို့အာဇာနည် ဗိမာန်လမ်း ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံ၌ ဇန်နဝါရီ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များတက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အသက် (၇၅)နှစ်အထက် အသင်းဝင်များ တက်ရောက်ကန်တော့ခံရန်နှင့် ၂၀၀၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အောင်လက်မှတ်မိတ္တူများ ပူးတွဲ၍ ဥက္ကဋ္ဌဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆန်း ဖုန်း-၃၈၃၈၅၇၊ အတွင်းရေးမှူးဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂နှင့် အသင်းတည်ရှိရာ ပခုက္ကူဓမ္မာရုံသို့ ဆက်သွယ်ပေးပို့နိုင်သည်။

အသင်း၏ နှစ် (၅၀)ပြည့်ရွှေရတုမဂ္ဂဇင်း မကြာမီထုတ်ဝေတော့မည်ဖြစ်၍ အသင်းဝင်များသည် ဓာတ်ပုံ၊စာရွက်စာတမ်း မှတ်တမ်းများကို အသုံးပြုနိုင်ရန် ကော်မတီများနှင့် ဆက်သွယ်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ခရီးသည်တင်ယာဉ် ချိုးကွေ့ရာမှ ဘော်ဒီပြုတ်ကျ ယာဉ်ပေါ်ပါ ခရီးသည် ရှစ်ဦး ဒဏ်ရာရရှိ

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ၅ ရပ်ကွက် ၈ မိုင်လမ်းဆုံ မီးပွိုင့်အနီး၌ ခရီးသည်တင်ယာဉ်တစ်စီး ချိုးကွေ့စဉ် နောက်ဘော်ဒီပြုတ်ကျရာမှ ခရီးသည်များ ဒဏ်ရာရရှိမှုတစ်ခု ဖြစ်ပွားသည်။

ဖြစ်ပွားပုံမှာ ဇန်နဝါရီ၁၇ရက် နံနက် ၁၀နာရီ မိနစ် ၄၀ခန့်က ယာဉ်မောင်း ဦးမင်းအောင် မောင်းနှင်ပြီး ယာဉ်နောက်လိုက် နိုင်လင်းအောင် လိုက်ပါသည့် မြောက်ဥက္ကလာပမှ ကြည့်မြင်တိုင်သို့ပြေးဆွဲသည့် အမှတ်(၁၀၂) အဝါယာဉ်လိုင်းမှ ဒိုင်နာအမျိုးအစား(အဖြူရောင်) ယာဉ်အမှတ် ၆က/၁၇၄၂ သည် ကမ္ဘာအေးဘုရားလမ်းမှ ပြည်လမ်းဘက်သို့ ချိုးကွေ့စဉ် နောက်ဘော်ဒီပြုတ်ကျရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်အမျိုးသားတစ်ဦး၊ အမျိုးသမီးခုနစ်ဦး စုစုပေါင်း ရှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သဖြင့် ရန်ကုန်ဆေးရုံကြီးအရေးပေါ်ဌာနသို့ ပို့ဆောင်ကုသထားရကြောင်း သိရသည်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်မှာ ထွက်ပြေးလျက်ရှိပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်မှု ပုံရိပ်များ

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

မြစ်သား ဇန်နဝါရီ ၉

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်နှင့် ဝန်ထမ်းများသည် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဒိုင်အုပ်စု ပြည်လုံးအေးကျေးရွာတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ စာကြည့်တိုက်ကိုယ်ပိုင် အဆောက်အအုံဖြစ်မြောက်ရေး၊ ငွေပဒေသာပင်စိုက်ထူနိုင်ရေး၊ စာကြည့်တိုက်အင်္ဂါရပ်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင် ကျေးရွာသူကျေးရွာသားများက စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်နိုင်ရန်အတွက် မတည်ငွေကျပ် ၂၅၀၀၀၀ ကို လှူဒါန်းသည်။ ယင်းနေ့ည ၇ နာရီတွင် ရွာခိုင်ကြီးကျေးရွာ၌လည်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေး အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒီဇင်ဘာလ စာဖတ် ပွဲတော်ကို ဒီဇင်ဘာ ၁၉ရက်က အောင်မြေသာစံမြို့နယ် မေဃဂီရိရပ်ကွက်၌ ကျင်းပရာ စာပေဝါသနာရှင် တစ်ဦးဖြစ်သူ ဦးခင်မောင်တင်က အမျိုးသားညီလာခံကချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အထက(၃)ကမာရွတ် နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်နှင့် ဟောပြောပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၃ ရက်က အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပရာ စာရေးဆရာချစ်နိုင်(စိတ်ပညာ) ရေးသားသည့် အကြီးအမှူး ဖြစ်စေတတ်သော လူငယ်စိတ်ပညာစာအုပ်မှ လိုင်းနှင့်လှေ၊ အကကောင်းရခြင်းဆောင်းပါးများကို မောင်အောင်မြတ်ကိုနှင့် မောင်ရဲမင်းစိုးတို့က ဖတ်ကြားပြီး မဟန်နီထွန်းနှင့် မချို့နွယ်ငြိမ်းတို့က ဆောင်းပါး အကြောင်းအရာများကို ဆွေးနွေးကြသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ဦးက ပြန်လည်ဆွေးနွေးသည်။**(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

သုတစံအိမ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဆားလင်းကြီး ဇန်နဝါရီ ၁၂

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဖောင်းကားကျေးရွာ သုတစံအိမ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကိုဒီဇင်ဘာ ၂၄ ရက်က ယင်းစာကြည့်တိုက်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သုတစံအိမ်စာကြည့်တိုက် အလှူရှင်ဦးအောင်ညွန့် (နေလဆီဆိုင်ရောင်းဝယ်ရေး)က ဆိုင်းဘုတ်ကို ရွှေကြိုးဆွဲ၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်သောင်းသောင်းဝင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဌေးဌေးဝင်းတို့က သုတ၊ ရသ စာအုပ် ၅၀ စီလှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်စိန်မှန်လမ်း အမှတ်၁၉/၂၁ရှိ မောင်တောမြို့နယ်အသင်း(ရန်ကုန်)အသင်းဝင် မိသားစုများက ကြေးပြား သုံးချပ် တန်ဖိုးငွေကျပ် ၇၅၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရမွေ့စရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)ထံ လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ညောင်စာရေးတိုက်နယ်အသင်း(ရန်ကုန်)သို့ ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၂

ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်)အား ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ နာရေးကိစ္စများတွင် ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၈) ရပ်ကွက် သိပ္ပံလမ်း အမှတ် ၆၃၃ နေ ဦးလှစော-ဒေါ်ဟန်စော၊ သမီး မနွယ်နီဝင်း၊ မသဲမဉ္ဇူ၊ သား မောင်အောင်စည်သူ(ရတနာမြေတော်ဒါမိသားစု)က ထာဝရငွေပဒေသာပင်အဖြစ် ငွေကျပ်တစ်သိန်းကို ဩဝါဒါစရိယ နာယကဆရာတော် ရှေ့မှောက်တွင် အမှုဆောင်အဖွဲ့အား လှူဒါန်းရာ ဥက္ကဋ္ဌ ဦးတင်ညွန့်နှင့် အမှုဆောင်များက လက်ခံယူကြသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ညောင်စာရေးတိုက်နယ်အသင်း (ရန်ကုန်)သို့ ထာဝရ ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုပါက အလှူရှင်များအနေဖြင့် ညောင်စာရေး တိုက်နယ်အသင်း ဖုန်း-၅၆၃၆၀နှင့် ၀၉-၅၁-၅၁၅၁၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ခရိုင်ချင်းဆက်လမ်း အမှတ်(၁) အုတ်ဖိုမြို့နယ်အပိုင်းရှိ သိုက်ဝါးချောင်း တံတားဆောင်ရွက်မှုအခြေအနေကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က ရှင်းလင်းတင်ပြစဉ်။ (၀၇၄)

မိုးကုတ်ဝိပဿနာ တရားစခန်းသိမ်း

ကျောက်ပန်းတောင်း ဒီဇင်ဘာ ၃၁

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တောင်ဇင်အနောက် အေးငြိမ်းချမ်းသာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာတွင် (၁၆)ကြိမ်မြောက် ဝိပဿနာအလုပ်ပေး ခုနစ်ရက်ပြည့် တရားစခန်းသိမ်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်က အေးငြိမ်းချမ်းသာကျောင်းတိုက် ဓမ္မရိပ်သာ၌ ကျင်းပသည်။

ယင်း ခုနစ်ရက် ဝိပဿနာတရားစခန်းပွဲကို အေးငြိမ်းချမ်းသာကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ပဓာနနာယက ဘဒ္ဒန္တယုဇန ဆရာတော်ကြီးက ကြီးမှူးလျက် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယနှင့်အညီ မန္တလေးမြို့ မြို့ဟောင်းမိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာ တရားတော်ပြန့်ပွားရေးဌာနချုပ်မှ နယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တဝါယမနှင့် နယ်လှည့်ဓမ္မကထိကဆရာတော်နှစ်ပါးတို့က ဒီဇင်ဘာ ၁၄ရက်မှ ၂၀ရက်အထိ အလုပ်ပေးဝိပဿနာတရားတော်များ ဟောပြောကျင်းပရာ တရားစခန်းသို့ သံဃာတော်အပါး ၂၀နှင့် ယောဂီ ၁၅၀တို့ တက်ရောက် တရားအားထုတ်ခဲ့ကြကြောင်း သိရသည်။ **(၀၆၁)**

ပြင်ဦးလွင်မြို့၌ သံဃဒါနဆွမ်းလောင်းလှူ

ပြင်ဦးလွင် ဒီဇင်ဘာ ၃၁

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၇) သံဃဒါန ဆွမ်းလောင်းလှူပွဲကို ဒီဇင်ဘာ ၉ရက် နံနက် ၈နာရီက ပြင်ဦးလွင်မြို့ မီးရထားဘူတာရုံကြီး ရှေ့မျက်နှာစာကွင်း၌ ကျင်းပသည်။

အဆိုပါ သံဃဒါန ဆွမ်းလောင်းလှူပွဲကို နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမန ခဲလယ်ကျောင်း ဆရာတော်နှင့် မြို့မရပ်ကွက်ကျောင်းများမှ သံဃာတော်အပါး ၅၀၀ တို့အား ရပ်ကွက်ဆွမ်းလောင်းအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကြီး(၇) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသောင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မီးရထားဝန်ထမ်းများနှင့် စေတနာရှင် ရပ်မိရပ်ဖများက ဆွမ်းလောင်းလှူကြသည်။ **(၂၈၀)**

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သည့် ဇေယျာသီရိလမ်းသွယ် (မြို့ပြ) ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးနေလင်းနှင့်အဖွဲ့ ဆောင်ရွက်ရာသို့ ဒီဇင်ဘာ ၁၄ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ဆုရသူဂုဏ်ပြု

ရေစကြို ဇန်နဝါရီ ၂

မကွေးတိုင်း ရေစကြိုမြို့နယ် မအူရဲစခန်း ခန်းမဆောင်တွင် ဒီဇင်ဘာ ၂၃ရက်က ဗဟိုအဆင့် ကျပန်းစကားပြောပြိုင်ပွဲ(ပုံရိပ်)၌ ထူးချွန်ဆုရရှိသဖြင့် ရဲတပ်သားအဆင့်မှ ရဲတပ်ကြပ်အဆင့် တိုးမြှင့်ခံရသော တပ်ကြပ်ကျော်မင်းထက်အား ဂုဏ်ပြုပွဲကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် စခန်းမှူးများ၊ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြကာ ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းလွင်က အဆင့်တိုးမြှင့်ခံရသော တပ်ကြပ် ကျော်မင်းထက်အား ဂုဏ်ပြုဆုငွေနှင့် ယူနီဖောင်းဝတ်စုံ ချီးမြှင့်ကြောင်း သိရသည်။ **(၂၅၁)**

ဒီဇင်ဘာ ၁၈ရက်က မကွေးမြို့မဈေး မီး သတ် စက် များ ကောင်းမွန်မှု၊ ရေစင်နှင့် ရေကန်များတွင် ရေဖြည့်တင်း ထားရှိမှု၊ လျှပ်စစ် ဝိုင်ယာကြိုးများ ကောင်းမွန်မှု အခြေအနေနှင့် မီးသတ်စင်များ ထားရှိမှုတို့ကို မကွေးတိုင်း မီး သတ် တပ် ဖွဲ့ မှူး ဦးကြည်တိုး၊ မကွေးခရိုင် မီးသတ် တပ်ဖွဲ့မှူး ဦးသန်းဆွေနှင့် အဖွဲ့တို့ ကြည့်ရှုစစ်ဆေးကြစဉ်။
(မြို့နယ်စည်ပင်)

ပုသိမ်မြို့နယ်စည်ပင် အိုင်အိုဒင်းပါဝင်မှု အရည်အသွေးစစ်ဆေး

ပုသိမ် ဒီဇင်ဘာ ၃၁

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်းရှိ ဆားရောင်းချသော ဆိုင်များ၌ ရောင်းချလျက်ရှိသော အိုင်အိုဒင်းဆားများတွင် အိုင်အိုဒင်းပါဝင်မှု အရည်အသွေးစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၄ ရက်က ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးမောင်မောင်နိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးတင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရွှေကျင် တွဲဖက်အလယ်တန်း ကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ရွှေကျင် ဇန်နဝါရီ ၇

ပဲခူးခရိုင် ရွှေကျင်မြို့နယ် သက်ကယ်ကုန်းကျေးရွာ တွဲဖက်အလယ်တန်းကျောင်းဆောင်သစ် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀နာရီက ယင်းကျောင်းဆောင်သစ်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အလှူရှင် ဦးသန်းကြွယ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အကျိုးတော်ဆောင်အဖွဲ့က ငွေကျပ်သိန်း ၁၅၀ကျော်တန် ကျောင်းဆောင်ကို လှူဒါန်းခဲ့သည့် ညောင်လေးပင်မြို့ ကျားမင်းဆီစက်မှ ဦးသန်းကြွယ်-ဒေါ်တင်တင်နွဲ့ မိသားစုအား ကျေးဇူးတင်စကားပြောကြားရာ အလှူရှင်က ကျောင်းဆောင်နှင့်ပတ်သက်သည့် မှတ်တမ်းများ၊ စာရွက်စာတမ်းများကို ရွှေကျင်မြို့နယ်ပညာရေးမှူး ဦးလှရွှေသို့ လွှဲပြောင်းပေးအပ်သည်။ **(ဝဲပုံ)** **(၃၂၉)**

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ပုံငွေ မုန့်ဟင်းခါးနှင့် ကြာဆံချက် အရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က ပွဲတော်ကဇာတ်ပွဲရုံရှေ့၌ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးနှင့် ဖျာပုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်မျိုးမျိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (၁၅၅)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြဝတီမြို့ အမှတ်(၅)ရပ်ကွက်တွင် ကိုယ့်အားကိုယ်ကိုး ကျွန်းတောလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၇ရက်က အဆိုပါလမ်းမှုခ်ဦး၌ ကျင်းပရာ မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူနှင့် အမှတ်(၅)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်သောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မဟာရွှေစည်ကြီးစေတီတော်ဗုဒ္ဓပူဇနီယပွဲကျင်းပရေး လုပ်ငန်းကော်မတီများ ဘက်စုံမွမ်းမံပြင်ဆင်

ကန့်ဘလူ ဇန်နဝါရီ ၁၅

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာကမ္ဘလကုန်းမြေ၌ ကိန်းဝပ်စံပယ်တော်မူသော မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဖေဖော်ဝါရီ ၇ရက်မှ ၂၁ရက်အထိ ကျင်းပမည်ဖြစ်ရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နယ်မြေခံတပ်ရင်း၊ ရွှေဘိုခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပါဝင်ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများက စေတီတော်ဘက်စုံမွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ်

မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်သို့ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ စေတီတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဒေသနာတော်များ ဟောကြားခြင်းတို့ကို နှစ်စဉ်ပြုလုပ်ကြသည်။

ပွဲတော်လာဘုရားဖူး ပြည်သူများ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ တည်းခိုနေထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ သန့်ရှင်းသပ်ရပ်သာယာလှပရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရေး၊ မီးဘေးတားဆီးရေး၊ အားကစားပွဲ များနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပရေးလုပ်ငန်းများကို ဒီဇင်ဘာလဆန်းမှစ၍ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ဆောင်ရွက်မည်

ထို့အပြင်ဘုရားဖူးပြည်သူများ၊ သက်ကြီးရွယ်အိုများ၊ ဝေဒနာရှင်များအတွက် အခမဲ့မျက်စိရောဂါ ခွဲစိတ်ကုသမှုလုပ်ငန်းကို အထူးကုသမားတော်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များနှင့် စေတနာရှင်၊ အလှူရှင်များ၏ အကူအညီဖြင့် နှစ်စဉ်ပြုလုပ်မြဲအတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ (၀၅၆)

ပုဂံရှေးဟောင်း ဘုရားအမှတ် ၁၃၄၂ အနေကဇာတင်

မန္တလေး ဇန်နဝါရီ ၁၀

(၈)ကြိမ်မြောက် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဘုရားအမှတ် ၁၃၄၂ အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၁ ရက်က အဆိုပါဘုရားရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ ဆရာတော် ဘဒ္ဒန္တ ဦးသုဇာတနှင့် သံဃာတော်များက ဘုရားအမှတ် ၁၃၄၂ ကို အနေကဇာ တင်တော်မူကြပြီး ရေစက်ချအလှူ မင်္ဂလာကို မြစည်းခုံကျောင်း၌ ကျင်းပ ရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်သည်။

ဆက်ကပ်

ထို့နောက် ဆရာတော်ထံမှ ငါးပါး သီလ ခံယူကြပြီး တိုင်း၊ ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများက သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်က သာဓု အနုမောဒနာ ရေစက်ချတရား ချီးမြှင့်သည်။

လှူဒါန်း

အဆိုပါ ဘုရားအမှတ် ၁၃၄၂ ကို မန္တလေးတိုင်း မီးသတ်ဦးစီးဌာနမှ သန္ဓေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ရှေးမူမပျက် ၂၀၀၀ ပြည့်နှစ်က ပြုပြင်မွမ်းမံဆောက်လုပ်လှူဒါန်း ခဲ့ကြောင်း သိရသည်။ (၀၉၀)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော ကြာနီကန်ရပ်ကွက် ကြာနီကန်လမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၂ရက်က ကျင်းပရာ ရွှေတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အုတ်ဖိုမြို့နယ်၌ ရွှေဘိုတန်း တံတားဖွင့်

အုတ်ဖို ဇန်နဝါရီ ၈

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သာယာဝတီ ခရိုင် အုတ်ဖိုမြို့နယ် နန္ဒင်းကုန်းအုပ်စုတွင် ရွှေဘိုတန်း ကိုယ့်အားကိုယ်ကိုး တံတားဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် နံနက် ၉ နာရီက အဆိုပါတံတားထိပ်၌ ကျင်းပရာ ရွှေဘိုတန်းဘုန်းတော်ကြီးကျောင်းဆရာတော် ဦးပဏ္ဍိတ(ဝိနယဓိဒူ)က သြဝါဒစကား မိန့်ကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်အေး က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရွှေဘိုတန်း ဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးပဏ္ဍိတ (ဝိနယဓိဒူ)၊ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်အေးနှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရွှေဘုတ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

စစ်ကွင်း အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) စစ်ကွင်း အထက၏ (၂၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စစ်ကွင်း အထက ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်၍ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါ ရန်နှင့် ပူဇော်ပွဲအပြီး မိတ်ဆုံစားပွဲသို့ ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြရန် နှိုးဆော်ထားသည်။

လှူဒါန်းလိုသူများသည် စစ်ကွင်းအသင်း(ရန်ကုန်)နှင့် ဆက်သွယ်၍ ဦးသောင်းရှိန် ဖုန်း-၅၈၁၀၄၁၊ ဦးခင်ကြွယ် ဖုန်း-၅၃၄၁၂၈၊ ဦးမြင့်သိန်း ဖုန်း-၅၀၄၆၀၉၊ ဦးသန်းစိန် ဖုန်း-၅၄၈၇၀၁၊ ဦးဝင်းမောင် ဖုန်း-၅၂၅၀၄၀၊ ဦးတင်အောင် ဖုန်း-၇၀၆၈၀၂ နှင့် ဦးတင်ဝင်း ဖုန်း-၅၂၅၁၈၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်သာမြို့နယ် အမှတ်(၁၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၂ရက်က အဆိုပါကျောင်း၌ ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မမွှေးပျံ့မင်းသူအား ကျောင်းအုပ်ဆရာကြီးဦးကံညွန့်က ဆုချီးမြှင့်စဉ်။ (က-ပ)

ကျေးလက်ပြည်သူများ သောက်သုံးရေရရှိရေး ညောင်တုန်းမြို့ ရှမ်းစုကျေးရွာ၌ လက်နှိပ်တုံကင်ဖွင့်

ညောင်တုန်း ဇန်နဝါရီ ၁၆

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသနေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တာဝန်ယူ တူးဖော်ပေးခဲ့သော ညောင်တုန်းမြို့နယ် ထိပ်ဝကြီးကျေးရွာအုပ်စု ရှမ်းစုကျေးရွာ လက်နှိပ်တုံကင်တွင်းဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ညောင်တုန်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့် ထိပ်ဝကြီးကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်မောင်တို့က လက်နှိပ်တုံကင်တွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

တူးဖော်

အဆိုပါ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးရွာ ၂၅ရွာတို့တွင် ရေတုံကင် ၂၅တွင်း တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။ **(၁၅၂)**

တောင်ငူမြို့ အထက(၂) ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံ ပညာရည်ထူးချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အင်္ဂလိပ်စာ၊ အင်္ဂလိပ် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ဘက်စုံ ပညာရည်ထူးချွန်ဆုရ တတိယတန်းမှ မောင်ညီရှင်းအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းဝေက ဂုဏ်ပြုမှတ်တမ်း လွှာပေးအပ်စဉ်။ (၀၄၇)

မြင်းခြံမြို့ နာရီစင်ပတ်လည် ကတ္တရာခင်း

မြင်းခြံ ဇန်နဝါရီ ၂၁

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ရက်က နာရီစင်ပတ်လည် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးလေးလွင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်ခင်မာလာက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းပန်မြို့ရှိ တောင်သူ ဦးဗျုယောဟန်၏ နွေစပါးစံပြ နှစ်ကေစိုက်ခင်း၌ စပေါင်းမြေသြဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မိုင်းပန်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လက်တွဲပူးပေါင်းဆောင်ရွက် စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများ ပိုမိုကြိုးပမ်းလုပ်ကိုင်

နေပြည်တော် ဇန်နဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ မိုင်းပန်တပ်နယ်မှ ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မိုင်းပန်တပ်နယ်ခန်းမသို့ရောက်ရှိပြီး နိုင်ငံတော်၏ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာမှုအခြေအနေ၊ မိုင်းပန်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးဆိုင်ရာလုပ်ငန်းများကို ယခင်ကထက် ပိုမိုကြိုးပမ်း ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူးဗိုလ်ချုပ်သောင်းအေးတို့က မိုင်းပန်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် ရုပ်မြင်သံကြားဖမ်းစက်များ၊ စက်ဘီးများနှင့် အခြားလူသုံးကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မိုင်းပန်မြို့အထွက်ရှိ တောင်သူဦးဗျုယောဟန်၏ နွေစပါးစံပြ နှစ်ကေစိုက်ခင်း၌ စပေါင်းမြေသြဇာကြဲပက်ပွဲသို့ တက်ရောက်အားပေးကြပြီး တောင်သူ ဦးရီခမ်း၏ ဆီထွက်သီးနှံနေကြာ(သီးညှပ်) တစ်ဧကစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၆ ■

သတင်းနှင့်ဆောင်းပါးအညွှန်း

❐ **ဝေးကြပြီကောကွယ်**

နိုင်ငံတကာမှုခင်း စာ – ၆

❐ **ကြွပ်ကြွပ်အိတ်နှင့် ကျန်းမာရေး**

ကိုအာကာ၏ သတင်းအက်ဆေး စာ –၇

❐ **သူတို့ ဤသို့ ဖွင့်ဟပြောကြားကြသည်**

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင်တို့၏ တွေ့ဆုံမေးမြန်းချက် စာ – ၁၁

★ မိုးလုံးပြည့် မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC

လေလှိုင်းပေါ်က လူသတ်သမားများ

ပြည်သူအားလုံး သတိထား

23-1 (20) 1 1/23/08, 2:08 AM